# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဗြာဟ္မဏ**

နက်နဲသော ပညာရှိသော၊ ထက်မြက်သော ပညာရှိသော၊ လမ်းမှန်ဟုတ်သည်မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ စနေနေ့ အတွဲ (၆၃)၊ အမှတ်(၀၂၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် ယနေ့ညနေပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးသည် ကောင်စီအတွင်းရေးမှူး၏ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၏ ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်များနှင့်အတူ ရုပ်စုံသဘင်ဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုတော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**ယနေ့** *ဖတ် စ ရာ*

**ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ**

ပြည်တွင်းသတင်း စာ ၁၅



**လူငယ်များ ဗလငါးတန် ပြည့်ဝဖို့ လူငယ်ကဏ္ဍ မြှင့်တင် ဆောင်ရွက်စို့**

ဆောင်းပါး စာ ၁၆

**အရည်အသွေးပြည့် သွားကျန်းမာရေး ပြည်သူ့ထံသို့ ဆောင်ကြဉ်းပေး**

ဆောင်းပါး စာ ၁၈

မြန်မာ့အလင်း

# တိုက်ခိုက်ဖျက်ဆီးမှုနှင့် အကြမ်းဖက်ဖမ်းဆီးမှု ပြင်းထန်စွာကန့်ကွက်ရှုတ်ချ

နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်လင့်နေကြသော ပြည်သူများအဖို့ အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် လူမှုကွန်ရက်စာမျက်နှာများ၌ တွေ့မြင်ရသည့် တိုက်ခိုက်မှု၊ ဖျက်ဆီးမှုပုံရိပ်များနှင့် သတင်းများမှာ ဝမ်းနည်းဖွယ်၊ စိတ်မချမ်းမြေ့ဖွယ်ပင်ဖြစ်သည်။ ထို့အပြင် လက်နက်ကိုင်ဆောင်ထားသူများမဟုတ်သည့် အရပ်သားအပြစ်မဲ့ပြည်သူများကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားမှုမှာလည်း စိုးရိမ်ပူပန်စရာဖြစ်သည်။

၁၉၈၉ ခုနှစ် တပ်မတော်အစိုးရလက်ထက်တွင် ကိုးကန့်ဒေသသည် ပထမဦးဆုံး ငြိမ်းချမ်းရေးတည်ဆောက်ခဲ့သည့်ဒေသဖြစ်ပြီး ၂၀၁၀ ပြည့်လွန်နှစ်များအထိ ဒေသတည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်ခဲ့သည့် ဒေသလည်းဖြစ်သည်။ ထိုကာလများအတွင်း ချင်းရွှေဟော်မြို့သစ်နှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများတွင် ရှေးယခင်နှင့်နှိုင်းယှဉ်ပါက အဆပေါင်းများစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရပြီး မုဒိတာစိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာလည်းဖြစ်ခဲ့ရသည်။ ဒေသအေးချမ်းသာယာပါက ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများလည်း တည်ငြိမ်အေးချမ်းသလို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အနှောင့်အယှက်ကင်းကင်း၊ စိတ်ဖြောင့်ဖြောင့် ဆောင်ရွက်၍ရသည်။ အဖျက်အဆီးမရှိသဖြင့် တစ်ခုပြီးတစ်ခု တည်ဆောက်နိုင်ကာ တည်ဆောက်ပြီးသမျှလည်း အဖတ်တင်သည်၊ တည်တံ့သည်။

ယနေ့ကာလသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာခဲ့သော နိုင်ငံရေးအခြေအနေများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေရချိန်ဖြစ်သည်။ လက်ရှိအစိုးရအနေဖြင့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ဖြစ်သော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တို့အပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသည်။

လက်နက်စွဲကိုင်တိုက်ခိုက်ကြရသည့် စစ်ပွဲများသည် နိုင်ငံရေး မပြေလည်မှုများမှ စတင်ပြီး နိုင်ငံရေးကို အခြားနည်းဖြင့် ဖြေရှင်းခြင်းဟူ၍ အဆိုရှိသည်။ လက်ရှိမိမိတို့နိုင်ငံတွင် နိုင်ငံရေးအတွက် တရားဝင်စင်မြင့်ဖြစ်သော လွှတ်တော်များရှိပြီးဖြစ်သည့်အပြင် ငြိမ်းချမ်းရေးအတွက် အချိန်အခါမရွေး တွေ့ဆုံဆွေးနွေးနိုင်သည့် လမ်းကြောင်းလည်းရှိပြီးဖြစ်သည့်တိုင် တိုက်ခိုက်ဖျက်ဆီးမှုများကိုသာ တွင်တွင်ပြုလုပ်နေမှုများက ငြိမ်းချမ်းမှုကို မျှော်လင့်နေကြသည့် ပြည်သူများ၏လိုလားချက်ကို နင်းခြေချိုးဖျက်နေကြခြင်းပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများကင်းစင်ပြီး နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရရှိပြီဆိုသည်နှင့် ဖွံ့ဖြိုးတိုးတက်မှုက တံခါးခေါက်ဝင်ရောက်လာမည်ဆိုသည်ကို မြန်မာပြည်ဖွားပြည်သူအားလုံးက သိရှိကြသည်။ အိမ်နီးချင်းနိုင်ငံများနှင့်တကွ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် တည်ငြိမ်အေးချမ်းမှု၊ သာယာပျော်ရွှင်မှုတို့ ရရှိခံစားနေကြရသလို မိမိတို့လည်း ခံစားပျော်ရွှင်လိုကြသည်။ တိုက်ခိုက်သတ်ဖြတ်မှုများ၊ ရန်ငြိုးရန်စအာဃာတများ၊ အမုန်းတရားများကိုလည်း မမြင်လို မကြားလိုတော့။ မိမိတို့နိုင်ငံ၊ မိမိတို့မြေပေါ်တွင် မိမိတို့ နိုင်ငံသားများ ထိခိုက်သေကျေသမျှ မိမိတို့ဆုံးရှုံးကြရခြင်းသာဖြစ်ရာ နိုင်ငံ၏ မည်သည့်အစိတ်အပိုင်းတွင်မျှ မဖြစ်စေလိုဘဲ နိုင်ငံတစ်ဝန်းအေးချမ်းစေလိုသည်မှာ ပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည်။

မာလီပါလွင်ပြင်ဟု ခေါ်ဆိုခဲ့ကြသည့် ကိုးကန့်ဒေသသည် ငြိမ်းချမ်းရေးကို ဦးစွာရယူပြီး ဆယ်စုနှစ်နှင့်ချီ၍ ငြိမ်းချမ်းမှုကို ခံစားခဲ့ဖူးသည့် ဒေသဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုကို အကြောင်းပြု၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးခဲ့သည့်သမိုင်းကြောင်းလည်း ထင်ရှားစွာ ရှိနေဆဲဖြစ်ရာ ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့် အပြစ်မဲ့ပြည်သူများအား ဓားစာခံပြုမှုအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချလိုက်ပါကြောင်း။ ။

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၂၇**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) ၂၀၂၃-၂၀၂၄ (၁၃၈၅-၁၃၈၆)ခု၊ ပညာသင်နှစ်အတွက် သာသနတက္ကသီလဓမ္မာစရိယ(ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း/ သာမဏေများသည် အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သက္យသီဟစာသင်တန်းတစ်ခုခု အောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါအောက် ရှိရမည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမနှစ်) သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သက္ယသီဟဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့ တစ်ခုခုရရှိပြီး သက်တော်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါအောက်ရှိ အရှင်မြတ်များ လျှောက်ထားနိုင်ပါကြောင်း သိရသည်။

### ဖြေဆိုကြရမည်

သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ (၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခု၊ ပါဠိဆိုင်ရာ (၅)ပုစ္ဆာနှင့် အထွေထွေဗဟုသုတ (၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခုကို တစ်ရက်စီ စုစုပေါင်း နှစ်ရက် ဖြေဆိုကြရမည်ဖြစ်သည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က)အတ္ထယောဇနာ (ခ)ဝါကျသဒ္ဒါ (ဂ)အဓိပ္ပာယတ္ထ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန့်ပွားဘာသာအားဖြင့် (၁၀) ပုစ္ဆာ ဖြေဆိုရမည်။

### ဆက်သွယ်စုံစမ်းနိုင်


သာသနာ့တက္ကသိုလ်ဝင်ခွင့် လျှောက်ထားလွှာများကို ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ အင်္ဂါနေ့ (အစိုးရရုံးပိတ်ရက်များမှအပ) တွင် စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၊ သောကြာနေ့ နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့တွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း၊ ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈)နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း၊ ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov ကို လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနရုံး အမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ပေါင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် နေကြာမျိုးစေ့ပေးအပ်ပွဲ တက်ရောက်

**ပေါင် အောက်တိုဘာ ၂၇**

ပေါင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းခြင်း၊ မြေယာမြေပြုပြင်ခြင်းနှင့် နေကြာမျိုးစေ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကွဲခြံကျေးရွာအုပ်စု တောင်သူဦးကျော်မြင့်၏လယ်ယာမြေတွင် ပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပေါင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်စွာလှိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဆန်၊ စပါးသည် လုံလောက်မှု ရှိသည့်အတွက် ဒေသတွင်း ဆီဖူလုံမှုရှိစေရန်၊ ပြည်ပမှ ဝယ်ယူမှုလျော့နည်းစေရန်အတွက် ဆီထွက်သီးနှံဖြစ်သည့် နေကြာအပြင် မြေပဲ၊ နှမ်းနှင့် ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ နေကြာစိုက်ပျိုးရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က နေကြာတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သော နည်းပညာများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနတွင် အချိန်မရွေး မေးမြန်းနိုင်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက တောင်သူများထံ နေကြာမျိုးစေ့ ပေးအပ်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးစပါးစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုရာ ၀ ဒသမ ၀၀၁ ဧက စံကွက်ကို တစ်ဧကပျမ်းမျှ အထွက်နှုန်း အစိုတင်း ၉၅ တင်း၊ အခြောက် ၈၆ ဒသမ ၄၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ရုပ်စုံသဘင်ဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့ သရုပ်ဖော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

◎ *ရှေ့ဖုံးမှ*

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ပြန်လည်ဆန်းသစ်လာ**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ်ပြိုင်ပွဲတွင် ရုပ်စုံသဘင်ပြိုင်ပွဲအဖြစ် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် စတင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် ရုပ်သေးပညာပြန်လည်ပြီး တစ်ခေတ်ဆန်းသစ်လာခဲ့ကြောင်း၊ အကြောင်းကြောင်းကြောင့် ကျင်းပခြင်းမပြုနိုင်ခဲ့သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးနှင့်အတူ ရုပ်သေးအနုပညာရပ်သည် တိမ်မြုပ်ပျောက်ကွယ်သကဲ့သို့ ဖြစ်နေခဲ့ရပြီး ယခုကျင်းပသည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် မြန်မာ့ရုပ်သေးပညာရပ်၊ မြန်မာ့ရုပ်စုံပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ရန် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သိပ္ပံနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၃) သတ္တမအကြိမ် အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၇**

အဆင့်မြင့်ပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၃) "Conference on Science and Technology Development – 2023 " ကို အောက်တိုဘာ ၂၆ ရက်မှ စတင်ကျင်းပခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ပြင်ဦးလွင်တပ်နယ် စစ်တက္ကသိုလ် အဆင့်မြင့်စာပေပညာဗဟိုဌာနငါးထပ်စာသင်ဆောင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါကွန်ဖရင့်သို့ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် အရာရှိများ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ တပ်နယ်မှ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်း တက်ရောက်နေသော သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်တိုင်လာရောက်စာတမ်းမဖတ်ကြားနိုင်သော Keynote Speaker များ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

နှစ်ရက်တာ ကွန်ဖရင့်ကျင်းပစဉ်ကာလအတွင်း ဖိတ်ကြားထားသော နိုင်ငံခြားသားပညာရှင် (Keynote Speaker) စာတမ်း လေးစောင်အပါအဝင် စုစုပေါင်းသုတေသနစာတမ်း ၁၂၃ စောင် ဖတ်ကြားနိုင်ခဲ့ပြီး ပိုစတာ ၂၃ စောင်ကို ပြသနိုင်ခဲ့သည်။



သိပ္ပံနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၃) တွင် အကောင်းဆုံးစာတမ်းဆု ခုနစ်ဆုနှင့် အကောင်းဆုံးပိုစတာဆု နှစ်ဆုကို တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်တို့က ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အမှာစကားပြောကြားပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၃) အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် သင်တန်းများဖွင့်လှစ်ရန် ရက်ပြောင်းလဲသတ်မှတ်

**နေပြည်တော် အောက်တိုဘာ ၂၇**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ပထမနှစ်မှ စတုတ္ထနှစ်အထိ ဘွဲ့ကြိုတန်းများနှင့် မဟာဝိဇ္ဇာတန်းများအား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများ၌ ကြေညာခဲ့သော်လည်း ယခုအခါ အခြားတက္ကသိုလ်များနှင့် တစ်ပြေးညီဖြစ်စေရေး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



## ဖလမ်းမြို့၌ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ဆောင်းသီးနှံမြေပဲ(မကွေး-၁၁)မျိုးစေ့ထောက်ပံ့

**ဖလမ်း အောက်တိုဘာ ၂၇**

ချင်းပြည်နယ် ဖလမ်းမြို့၌ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး တောင်သူများထံ ဆောင်းသီးနှံ မြေပဲ(မကွေး-၁၁)မျိုးစေ့များကို အောက်တိုဘာ ၂၆ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်သည်။

မြေပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်းသီးနှံမြေပဲ(မကွေး-၁၁) မျိုးစေ့များကို လုံပီးရပ်ကွက်၊ ဗားလုံကျေးရွာ၊ ဘွာလ်ခွားကျေးရွာနှင့် ဘဲလွေကျေးရွာတို့မှ တောင်သူ ၂၀ ထံ ထောက်ပံ့ပေးအပ်ပြီး စပါး ခုနစ်တင်း၊ ပြောင်းဖူး ၂၂၅ ကီလိုဂရမ်၊ နေကြာ ၃၃၀ ကီလိုဂရမ်၊ မြေပဲတင်း ၃၀၊ ထောပတ်ပင် ၂၀၅၄ ပင်၊ လိမ္မော်ပင် ၃၀၁ ပင်၊ မက္ကဒေးမီးယား ပင် ၅၀၊ ပန်းသစ်တော်ပင် ၂၈ ပင်နှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးစာအုပ်စာစောင်များ၊ သဘာဝဓာတ်မြေဩဇာဖျော်ရည်(EM)လီတာ၂၀ တို့ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲမြင့်အောင်(ဖလမ်း)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပါတီဝင်အင်အားများကို ဥပဒေနှင့်အညီစုဆောင်းထူထောင်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသောနိုင်ငံရေးပါတီများ ဖြစ်ပေါ်လာစေရေးမှာကြား



**ပုသိမ် အောက်တိုဘာ ၂၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ နိုင်ငံရေးပါတီ ၇ ပါတီမှ တိုင်းဒေသကြီးအဆင့် ပါတီဥက္ကဋ္ဌများ၊ တာဝန်ခံများနှင့် မြို့နယ်တာဝန်ခံများအား တွေ့ဆုံ၍ ပါတီဝင်အင်အားများ စုဆောင်းမှုမှအစ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများအပါအဝင် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ ထူထောင်ဆောင်ရွက်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

**နည်းဥပဒေများ ပြဋ္ဌာန်း**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် လည်းကောင်း၊ နည်းဥပဒေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းစည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်အင်အားအနည်းဆုံး ၁၀၀၀၀၀ နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို မှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း စုဆောင်းရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ မှတ်ပုံတင်ခွင့်ရသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအရ အနည်းဆုံးသတ်မှတ်ထားသည့် ရုံးခန်းအရေအတွက်ကို ဖွင့်လှစ်ရမည် ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အနည်းဆုံးစည်းရုံးရမည့် ပါတီဝင်ဦးရေ မပြည့်မီခြင်း၊ သတ်မှတ်ကာလအတွင်း ရုံးခန်းဖွင့်လှစ်နိုင်ခြင်း မရှိပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက် ရပ်တည်ခွင့်ရှိမည် မဟုတ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ယခုကဲ့သို့ နိုင်ငံရေးပါတီများကို ကော်မရှင်မှ စိစစ်ရခြင်းမှာ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံ၍ နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်မည့်သူများ ဖြစ်လာမည်ဖြစ်၍ ဥပဒေနှင့်ညီညွတ်သည့် ခိုင်မာအားကောင်းသော ပါတီ ထူထောင်မှုရရှိစေရန်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ မှန်မှန်ကန်ကန်ဖြစ်စေရေး၊ မဲမသမာမှုများ မဖြစ်စေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များမှ ပညာရှင်များ၏ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီရယူပြီး CVLMS (Central Voter List Management System) ဆော့ဝဲလ် အပါအဝင် အဆင့်မြင့်အိုင်တီ နည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM)ကို မြန်မာနိုင်ငံမှ ပညာရှင်များ၏အကူအညီဖြင့် တီထွင်ပြုလုပ်ခဲ့ပြီး ယခုအခါ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများကို လက်တွေ့စမ်းသပ်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီး ပါတီဥက္ကဋ္ဌများ၊ ခရိုင်စည်းရုံးရေးမှူးများက ပါတီဝင်အင်အားစာရင်းများ ဥပဒေနှင့်အညီ မှန်ကန်စေရေးအတွက် စစ်ဆေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကိုတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် အရာရှိများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ် ပါတီ၊ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)တို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ပါတီကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှုရှိစေရေး ဥပဒေနှင့်အညီ စိစစ်မှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြား

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဦးသန်းအောင်ကျော်သည် ယနေ့နံနက် ၉ နာရီခွဲတွင် မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီ သုံးခုမှ ခရိုင်နှင့် မြို့နယ်ပါတီကော်မတီ ဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် တွေ့ဆုံ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ ဥပဒေနှင့်အညီ စိစစ်နေမှုနှင့်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ကာလအတွင်းလုပ်ငန်းများ ပြီးစီးနိုင်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ပါတီဝင်အင်အားစာရင်းများ ဥပဒေနှင့်အညီ မှန်ကန်စေရေး ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်သည် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ သုံးပါတီမှ ခရိုင်နှင့် မြို့နယ်ပါတီကော်မတီဥက္ကဋ္ဌများနှင့် အမှုဆောင်များအား တွေ့ဆုံ၍ ပါတီဝင်အင်အားစာရင်းများ စိစစ်မှုလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်ချက်များမှာကြားသည်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံရေးပါတီ ၅ ပါတီမှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပါတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ **(ယာပုံ)** မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှုရှိစေရေး ဥပဒေနှင့်အညီ စိစစ်မှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်းပြီး ပါတီဝင်အင်အားများ စုဆောင်းမှုမှအစ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများအပါအဝင် သက်ဆိုင်ရာတည်ဆဲ ဥပဒေများနှင့်အညီ ထူထောင်ဆောင်ရွက်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုးသယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ပါတီဝင်အင်အားစာရင်းများအား




ပူးပေါင်းအဖွဲ့ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ပါတီအလိုက် အင်အားစာရင်းများ စစ်ဆေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပါတီဝင်အင်အားစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြသလ္လာခန်းမ၌ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ဆင်သေချောင်း အဆင့်မြှင့်တင်ရေးဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၂၇

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဆင်သေချောင်းအား အဆင့်မြှင့်တင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။**

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က ဆင်သေချောင်းတံတား (ကျောက်ချက်) ပြုပြင်မွမ်းမံဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆင်သေချောင်းဝဲ/ယာတစ်လျှောက် မြစ်ကမ်းထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဆင်သေချောင်းတစ်လျှောက် ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေးအတွက် ယခုလက်ရှိ အခြေအနေများကို ပြန်လည်တိုင်းတာစစ်ဆေး၍ ချောင်းဖြောင့်ခြင်းလုပ်ငန်းများ၊ ရေလမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ စသည့် River Tranning လုပ်ငန်းများကို စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆင်သေချောင်းအား အဆင့်မြှင့်တင်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဆင်သေချောင်းတံတား (ကျောက်ချက်) သို့ ရောက်ရှိပြီး ဆင်သေချောင်းတံတား (ကျောက်ချက်) ပေ ၂၁၀ လေးလမ်းသွား တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများမှ ချောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ရာဇဌာနီလမ်းတစ်လျှောက် (ဘောဂသီရိကားဝင်းမီးပွိုင့်)ရှိ လမ်းများ ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းတံတား)မှ ဆောင်ရွက်နေသော ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်လမ်းတွင် သာမိုပလတ်စတစ်ဆေးဖြင့် ယာဉ်အန္တရာယ်ကင်း မျဉ်းရေးဆွဲနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အိမ်မဲမြို့နယ် ဆောင်းသီးနှံနေကြာမျိုးစေ့ပေးအပ်ပွဲနှင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ တက်ရောက်ကြည့်ရှုအားပေး



**အိမ်မဲ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု စိုက်ပျိုးရေးနည်းပညာပေးစင်တာတွင် အိမ်မဲမြို့နယ်၏ ၂၀၂၃ ခုနှစ် ဆောင်းသီးနှံ နေကြာမျိုးစေ့ပေးအပ်ပွဲကို ယမန်နေ့က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နေကြာစိုက်ပျိုးမည့်တောင်သူများအား Super Sun – 41၊ ရေဆင်း – ၁ နေကြာမျိုးစေ့နှင့် ဆင်းရွှေကြာ – ၂ နေကြာမျိုးစေ့တို့ကို ပေးအပ်သည်။ (ဝဲပုံ) ထို့နောက် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ မြောင်းမြခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များက ဘုရားကြီးကုန်းကျေးရွာ တောင်သူ ဦးစိန်မောင်သန်း၏ ကွင်းအမှတ် (၃၇-ဂ)၊ ဦးပိုင်အမှတ် (၄၃/၁)ရှိ စိုက်ဧက ၈ ဒသမ ၈၁ ဧကတွင် ဆင်းသုခ (ဘောင်ပျိုး) မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ကြည့်ရှုအားပေးပြီး အဆိုပါစံကွက်မှအစိုတင်း ၁၃၆ တင်းနှင့် အခြောက်တင်း ၁၂၈ ဒသမ ၇၉ တင်းထွက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူများ ကိုယ်တိုင်ပူးပေါင်းပါဝင်သော စပါးမျိုးရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော စပါးမျိုးရွေးချယ်သည့် ကွင်းသရုပ်ပြပွဲ ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ ကွင်းအမှတ် ၁၆၂၃(က) ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသနေတောင်သူ ၄၈ ဦးနှင့် မျိုးစေ့ထုတ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



### သုတေသနပြုထုတ်လုပ်ပေး

သရုပ်ပြပွဲ၌ တောင်သူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အလားအလာကောင်း စပါးမျိုးလိုင်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနက သုတေသနပြုထုတ်လုပ်ပေးလျက်ရှိကြောင်း၊ တောင်သူများနှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်၍ မျက်မြင်မျိုးရွေးချယ်ခြင်းဖြင့် ထုတ်ဝေပြီးသော အထွက်ကောင်း၊ အရည်အသွေးကောင်း စပါးမျိုးသစ်များကို ပိုမိုသိရှိပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုစိုက်ပျိုးလာကြရန်ရည်ရွယ်၍ ယနေ့စပါးမျိုးရွေးချယ်သည့်ကွင်းသရုပ်ပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် စပါးမျိုးသက်တမ်း၊ စပါးမျိုး၏ စားသုံးမှုအရည်အသွေး၊ ဒေသစပါးမျိုးများအား ရာသီမရွေးစိုက်ပျိုးနိုင်အောင် ဖန်တီးထားသည့် အခြေအနေတို့အပေါ် မူတည်ပြီး စမ်းသပ်အုပ်စုလေးအုပ်စုခွဲ၍ စိုက်ပျိုးထားသော အလားအလာကောင်း စပါးမျိုးလိုင်းသစ်နှင့်ထုတ်ဝေပြီး စပါးမျိုးသစ် ၃၉ မျိုးအနက် ၂၃ မျိုးသည် ပြင်းထန်သောရာသီဥတုဒဏ်နှင့် အပင်ယိုင်လဲမှုဒဏ်ကို ခံနိုင်ရည်ရှိသောမျိုးများဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးသည် သီးနှံများအထွက်တိုးရေးနှင့် အရည်အသွေးကောင်းမွန်ရေးအတွက်များစွာအရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ စတင်ပြီး စပါးစိုက်ပျိုးသည့် တိုင်းဒေသကြီးပြည်နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း က တောင်သူများ ပူးပေါင်းပါဝင်သော မျိုးရွေးချယ်ခြင်းအခမ်းအနားအစီအစဉ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးအတွက် သက်ဆိုင်သူအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် စပါးမျိုးရွေးချယ်သည့် ကွင်းသရုပ်ပြပွဲ တက်ရောက်လာကြသော တောင်သူများသည် မိမိတို့ကြိုက်နှစ်သက်သော အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများကို လွတ်လပ်စွာ ရွေးချယ်ခဲ့ကြသည်။ (ဝဲပုံ)

ယခုအခါတွင် တောင်သူများ ကြိုက်နှစ်သက်သည့် စပါးမျိုးများ၏ အရည်အချင်းလက္ခဏာများမှာ သက်လျင်ခြင်း၊ သီးညှာခိုင်ခြင်း၊ ယိုင်လဲမှုမရှိခြင်း၊ အထွက်ကောင်းခြင်း၊ စားသုံးမှုကောင်းခြင်း၊ ဆန်ရည်ဆန်သွေးကောင်းမွန်ခြင်း၊ ဆန်ထွက်ရာခိုင်နှုန်းကောင်းမွန်ခြင်း၊ ထည့်သွင်းကျွေးမွေးသည့် အပင်အာဟာရများကို တွင်ကျယ်စွာ စားသုံးတုံ့ပြန်ထွက်ရှိနိုင်ခြင်း၊ ပိုးမွှားရောဂါဒဏ်ကို ခံနိုင်ရည်ရှိခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တဲကြီးကုန်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ သုတေသနပြုထုတ်လုပ်ထားရှိသော လေပေးစနစ်ဖြင့် သဘာဝမြေဆွေးထုတ်လုပ်မှုကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့ မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေးကို ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိ

**စစ်ကိုင်း အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေးဖွင့်ပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။ အဆိုပါ မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေးသည် ဧရိယာစတုရန်းပေ ၂၄၆၀၀ ကျယ်ပြီး ဆိုင်ခန်းပေါင်း ၃၀၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။



### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဈေးဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ မြန်မာ့ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးထွန်းဝေ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဆင့်နှင့် Triple Circle ကုမ္ပဏီလီမိတက်မှ MD ဒေါ်မော်မော်သိန်းတို့က မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေးကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုဖွင့်လှစ်သည့် မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေးသည် ကျောက်မျက်ရောင်းဝယ်သူများအတွက် စနစ်ကျ အဆင်ပြေစွာဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ပြီး ခမ်းနားထည်ဝါသော ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ ကျောက်မျက်ရတနာ ရောင်းဝယ်ကြသူများအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေများကို တိကျစွာလိုက်နာသွားကြရန်နှင့် လာရောက်ရောင်းဝယ်ကြမည့် ပုဂ္ဂိုလ်များအနေဖြင့် ဥပဒေနှင့်အညီ နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများကို ကျေပွန်စွာထမ်းဆောင်ပေးကြရန်လည်း လိုအပ်ကြောင်း၊ ကျောက်မျက်ရတနာဈေး ဖွင့်လှစ်နိုင်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ခြင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေခြင်း၊ ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပြီး ကျောက်အချောထည် ပုတီးလုပ်ငန်းနှင့် လက်ဝတ်ရတနာလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် MSME လုပ်ငန်းများကိုလည်း တစ်ဖက်တစ်လမ်းမှ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ဈေးတွင် လာရောက်ရောင်းဝယ်ကြမည့် လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအနေဖြင့် စည်းကမ်းရှိပြီး သန့်ရှင်းသပ်ရပ်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းထိန်းသိမ်းသွားရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဈေးစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေးကြီးအတွင်းရှိ ဆိုင်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ **(အပေါ်ဝဲပုံ)**လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက် ပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်အစိုးရက အစ္စရေးနိုင်ငံတွင် ဖြစ်ပွားနေသော စစ်ပွဲအခြေအနေကြောင့် အခက်အခဲကြုံနေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူ

နိုင်ငံတော်အစိုးရသည် ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများကို အစဉ်ကြည့်ရှုစောင့်ရှောက်လျက်ရှိပြီး အခက်အခဲများကြုံတွေ့လာပါက ကူညီဆောင်ရွက်ပေးလျက်ရှိရာ အစ္စရေးနိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူနိုင်ရေး နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ခဲ့ရာတွင် အောက်တိုဘာ ၂၆ ရက် ည ၉ နာရီကျော်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။



ကိုအောင်ကျော်ဦး



မလမိုင်မိုင်းရာ



မမိုးသီတာအောင်



မခင်နှင်းအိ

နိုင်ငံတော်အစိုးရအနေဖြင့် အစ္စရေးနိုင်ငံတွင် ဖြစ်ပွားနေသည့် စစ်ပွဲအခြေအနေကြောင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူခဲ့ရာ အောက်တိုဘာ ၂၅ ရက် ညပိုင်းတွင် အစ္စရေးနိုင်ငံ တဲလ်အဗီးမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိခဲ့ပြီး ဘန်ကောက်မှတစ်ဆင့် ရန်ကုန်မြို့သို့ ည ၈ နာရီ ၁၅ မိနစ်၌ BM 351 MAI လေကြောင်းလိုင်းဖြင့် လိုက်ပါခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ည၉နာရီကျော်တွင်အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့သည်။

အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့မှပြန်လည်ရောက်ရှိလာသော ကိုအောင်ကျော်ဦးက "ရှတ်တရက်ကြီး စစ်ဖြစ်တော့ ကျွန်တော်တို့လည်း ကြောက်သွားတယ်။ အိမ်အောက်ထပ်က ဗုံးခိုကျင်းထဲဆင်းပြီး နေကြရတယ်။ ဆက်ပြီးနေထိုင်လို့ မရတော့တဲ့ အနေအထားပါ။ အစ္စရေးကို Training Agriculture နဲ့ စိုက်ပျိုးရေးသင်တန်းတက်ရောက်နေတာ လေးနှစ်ကျော်ရှိပါပြီ။ အစ္စရေးနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးက ဆက်သွယ်အကြောင်းကြားပေးတဲ့အတွက် ကျွန်တော်တို့အဆက်အသွယ်ရပြီး မြန်မာနိုင်ငံကိုပြန်ဖို့ အမြန်ဆုံးဆောင်ရွက်ပေးခဲ့တာကြောင့် အခုလို အမိနိုင်ငံကို ဘေးအန္တရာယ်ကင်းကင်းနဲ့ စိတ်အေးချမ်းသာစွာ ပြန်လာနိုင်ခဲ့တာဖြစ်ပါတယ်။

အစ္စရေးလေဆိပ်မှာ မြန်မာနိုင်ငံကို ပြန်ရတော့မယ်ဆိုတဲ့စိတ်က ရင်ခုန်မှုကြီးမားပါတယ်။ ဘန်ကောက်ကိုရောက်တော့ စိတ်ထဲမှာ ၅၀ ရာခိုင်နှုန်းပဲ ပျော်ရွှင်ကြရပြီး ရန်ကုန်လေဆိပ်ကို လေယာဉ်ဆင်းသက်လိုက်တာနဲ့ အမိမြေဆိုတဲ့ အသိစိတ်ဟာ ဘယ်လိုခံစားမှုနဲ့မှ လဲလို့မရပါဘူး။ အမိမြေထက် နွေးထွေးလှိုက်လှဲတဲ့နေရာ ဘယ်နေရာမှမရှိဘူးဆိုတာလည်း သိလိုက်ရပါတယ်။ လာရောက်ကြိုဆိုကြတဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ် ပင်လောင်းကပါ။ ကျွန်တော်တို့ကို အချိန်မီကူညီကယ်ဆယ်ပေးတဲ့ နိုင်ငံတော်အစိုးရက တာဝန်ရှိသူများအားလုံး၊ အစ္စရေးနိုင်ငံ မြန်မာသံရုံးက သံအမတ်ကြီးနဲ့ တာဝန်ရှိသူအားလုံးကို ရင်ထဲက ဖော်မပြနိုင်အောင် လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ဝမ်းမြောက်ပီတိ စကားပြောကြားသည်။

မလမိုင်မိုင်းရာက "အမိနိုင်ငံကို ပြန်ရောက်လာတဲ့အတွက် ဝမ်းသာကြည်နူးမှုဟာ ဘာနဲ့မှ လဲလို့ မရပါဘူး။ ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်။ သမီးက ကချင်ပြည်နယ် တနိုင်းကပါ။ အစ္စရေးကိုရောက်နေတာ လေးနှစ်ကျော်ရှိပါပြီ။ တစ်လမ်းလုံး ဘုရားသခင်ထံ ဆုတောင်းခဲ့တာ၊ အခုလိုပြန်လာနိုင်အောင် ကူညီဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့သံရုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ မိဘရင်ခွင်ထဲ ပြန်လည်ပို့ဆောင်ပေးတဲ့ တာဝန်ရှိသူအားလုံးကို ရင်ထဲမှာ ပြောမပြတတ်အောင်ကို ကျေးဇူးအထူးတင်ပါတယ်။ " ဟု ဝမ်းသာပီတိစကားပြောကြားသည်။

မမိုးသီတာအောင်က "သမီးတို့က မြို့ပေါ်မှာ နေတာပါ။ အစ္စရေးနယ်စပ်မှာတော့ တိုက်ပွဲသံတွေ ကြားနေရတယ်။ အခုလိုမထင်မှတ်ပဲဖြစ်လာတော့ ကိုယ့်နိုင်ငံကိုပဲ ပြန်ချင်တယ်။ သံရုံးကပြန်မယ့်သူတွေကို ပို့ပေးဖို့ အကြောင်းကြားပေးတဲ့အတွက် ဝမ်းပန်းတသာနဲ့ပြန်ခွင့်ရခဲ့တာပါ။ စိတ်ရှည်စွာနဲ့ ကူညီပေးခဲ့တဲ့သံရုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ သမီးက ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်မှာနေပါတယ်။ မိသားစုနဲ့ အခုလိုပြန်ဆုံခွင့်ရအောင် ကူညီဆောင်ရွက်ပေးတဲ့အတွက် ဖော်မပြနိုင်အောင် ဝမ်းသာကြည်နူးမှုဖြစ်ရပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ရင်တွင်းပီတိစကား ပြောကြားသည်။

မခင်နှင်းအိက "တိုက်ပွဲဖြစ်တဲ့အသံကိုတဲလ်အဗီးကနေ့တိုင်းကြားနေရတယ်။ သမီးတို့နေတာ လေးနှစ်ရှိပြီ။ အခုလို မကြုံဖူးဘူး။ အခြားပြည်ပနိုင်ငံသားတွေလည်း ပြန်ကြတာရှိတယ်။ မြန်မာနိုင်ငံသားအချို့လည်းရှိတယ်။ တိုက်ပွဲသံကြားကတည်းက အမိနိုင်ငံကို ပြန်ချင်နေတာပါ။ တစ်နေ့တစ်နေ့ဘာဖြစ်လာမလဲဆိုပြီး တွေးနေရတာလည်း ပင်ပန်းတယ်။ သမီးက ပဲခူး၊ သာယာဝတီမှာနေပါတယ်။ အိမ်ကိုလွမ်းတယ်၊ သတိရတယ်။ မြန်မာသံရုံးက အကြောင်းကြားစာရတော့ အတိုင်းမသိ ဝမ်းသာသွားတယ်။ အစ္စရေးလေဆိပ်မှာ လေယာဉ်မထွက်မီနဲ့ လေထဲရောက်သွားချိန်ဟာ အကြာဆုံးအချိန်ပါပဲ။ ဘန်ကောက်ကိုရောက်မှပဲ စိတ်နည်းနည်းအေးချမ်းသွားပါတယ်။ ရန်ကုန်လေဆိပ်ကိုရောက်တော့ ရင်ထဲဝမ်းနည်း ဝမ်းသာဖြစ်ရတယ်။ စိုးရိမ်စိတ်နဲ့နေခဲ့ရတဲ့ နေ့စဉ်ဝမ်းနည်းမှုဟာ အမိမြေကို ခြေချခွင့်ရလိုက်တာနဲ့ ဝမ်းသာပျော်ရွှင်မှုရဲ့စွမ်းအားဟာ ဘာနဲ့မှလဲလို့ မရပါဘူး။ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိအောင် ကူညီပို့ဆောင်ပေးကြတဲ့ လူကြီးများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ပါတယ်" ဟု ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အစ္စရေးနိုင်ငံမှပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြန်လည်ရောက်ရှိလာကြသည့် နိုင်ငံသားတို့၏ မိဘဆွေမျိုးများက ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းအင်တာဗျူး - ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ မောင်သီဟ**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ကြေညာချက် (၆ / ၂၀၂၃)

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ သောကြာနေ့

၁။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရန် ကြိုးပမ်းနေချိန်တွင် တိုင်းပြည်အတွင်း မငြိမ်မသက်ဖြစ်စေရန်နှင့် ပြည်သူလူထုအား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်လျက် လက်နက်ကိုင်သောင်းကျန်းသူအချို့က ယနေ့ (၂၇-၁၀-၂၀၂၃) ရက်နေ့တွင် ရှမ်းပြည်နယ်အတွင်းရှိ နေရာအချို့ကို တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပြီး အပြစ်မဲ့ ပြည်သူအချို့အား အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရပါသည်။

၂။ အေးချမ်းစွာ နေထိုင်လိုသော အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် တိုင်းပြည်အထိနာစေရန် ဆောင်ရွက်နေသော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာ၂၇ ရက်၊ သောကြာနေ့

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ယခုချိန်တွင် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရန် ကြိုးပမ်းနေချိန်ဖြစ်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုလိုအချိန်တွင် ပြည်တွင်းမငြိမ်မသက်ဖြစ်စေရန်နှင့် ပြည်သူလူထုအား ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လက်နက်ကိုင်သောင်းကျန်းသူအချို့သည် ယနေ့ ၂၇-၁၀-၂၀၂၃ ရက် သောကြာနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း မြို့နယ်များရှိ နေရာအချို့ကို တိုက်ခိုက်ဖျက်ဆီးမှုများပြုလုပ်ခဲ့ပြီး အပြစ်မဲ့ပြည်သူအချို့အား အကြမ်းဖက် ဖမ်းဆီးခေါ်ဆောင် သွားခဲ့ကြကြောင်း သိရှိရပါသည်။

၂။ ယခုဖြစ်စဉ်ကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံနစ်နာစေရန် ရည်ရွယ်ဆောင်ရွက်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်

ယနေ့(၂၇-၁၀-၂၀၂၃) ရက်နေ့တွင် ရှမ်းပြည်နယ်အတွင်းရှိ နေရာအချို့ကို တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပြီး အပြစ်မဲ့ပြည်သူအချို့အား အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)အနေဖြင့် လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်နှင့်အနီးတစ်ဝိုက်၌ ၂၇-၁၀-၂၀၂၃ ယနေ့နံနက်ပိုင်းတွင် သောင်းကျန်းသူများက အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ပြီး အရပ်သားများအား ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

၂။ ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိဖြင့် အပြစ်မဲ့ပြည်သူများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ နံနက်ခင်းက ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်ဒေသကို တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူအရပ်သားများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် လက်နက်ကိုင်သောင်းကျန်းသူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မှော်ဘီမြို့နယ်၌ စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ တွေ့ဆုံဆွေးနွေး



**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် (ခရိုင်တာဝန်ခံ) နှင့် မှော်ဘီမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီများ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်က မှော်ဘီမြို့ရှိ မော်ပီဆရာသိန်း စာကြည့်တိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက် ဥပဒေ၊ နည်းဥပဒေများနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များ အကြောင်းနှင့် မြို့နယ်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ တာဝန်ရှိသူများ၊ ခရိုင် ပြန်/ဆက်နှင့် မြို့နယ်ပြန်/ဆက် ဦးစီးအရာရှိများက ခရိုင်နှင့်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အကြံပြု ဆွေးနွေးတင်ပြကြပြီး တိုင်းကော်မတီဝင်က သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မြို့နယ်အတွင်းရှိ မော်ပီဆရာသိန်း၊ ပန်းတပွင့်တောင်၊ အလင်းရောင်၊ ရွှေပါရမီနှင့် လင်းရောင်ခြည် စာကြည့်တိုက်များသို့ သွားရောက်ကြည့်ရှုသည်။

မြို့နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Zu Zu Phyo (Zu Zu)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ည)ရပ်ကွက်နေ ဇူဇူဖြိုးအား မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ "Zin Ko Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဇင်ကိုထွန်း(ခ) အငယ်ကောင်အား မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ပြိုင်ပွဲအမျိုးအစားများကို အရေအတွက်အရရော အရည်အသွေးအရပါ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်စီစဉ်ပေးလျက်ရှိသည်။ ယခုနှစ် (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မိမိတို့၏ စိတ်ဆန္ဒအလျောက် မြန်မာ့အနုပညာကို စိတ်ပါဝင်စားမြတ်နိုးသူများ တိုးပွားလာမှု၊ မိဘပြည်သူများ၏ အားပေးမှု၊ နိုင်ငံတော်၏ အားပေးချီးမြှင့်မှု၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၏ ထောက်ပံ့ကူညီမှုတို့ကြောင့် ယခင်နှစ် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲထက် ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာကြောင်း သိရသည်။

ယနေ့တွင် “မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Banquet Hall ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရေဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဆောင်ဝဇီယာ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဩဘာမင်္ဂလာ” (ဘွဲ့) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**“ကာလပေါ်” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရေဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ခင်မွန်ရွှာသူ” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မောင်းမကန်ကေသီဦး” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရေဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အနန္တမေတ္တာ” သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရေဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာ အသုံးပြု၍ ကကြိုးကကွက်စုံလင်စွာဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရေဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ငြိမ့်ညောင်းသည့် ကကြိုးကကွက်များဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက “ဇာတိပုညဂုဏ်မာန” ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**မယ်ဒလင် အတီးပြိုင်ပွဲ**ကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရေဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ညို့ညို့ ဆိုင်းဆိုင်း” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မင်္ဂလာသီရိ” (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖေယျာအောင်ချာ” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ဝိဇ္ဇာတောလား” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထွေထွေဆန်းဆန်း” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လက်ရေတပြင်တည်း” (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရဝိန်ဒေါင်းယာဉ်ပျံ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရေဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အောင်မင်္ဂလာ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောနှင့် တောင်စွယ်” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ *စာမျက်နှာ ၉ သို့*





ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “မဟော်သဓာ” ဇာတ်တော်ကြီးဖြင့် ရေဝတီတိုင်းဒေသကြီး ကိုယ်စားပြု မဟော်သဓာဇာတ်တော်ကြီးအဖွဲ့၏ ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မယ်ဒလင်ပြိုင်ပွဲတွင် မွန်ပြည်နယ် ကိုယ်စားပြု ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်မှု။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး မယ်ဒလင်ပြိုင်ပွဲတွင် ကရင်ပြည်နယ် ကိုယ်စားပြု ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်မှု။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင် မောင်အာကာမင်းထက် ၏ ယှဉ်ပြိုင်မှု။

## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

*စာမျက်နှာ ၈ မှ*

အခြေခံပညာအဆင့် (အသက် ၁၀ နှစ် ၁၅ နှစ် အတွင်း) အမျိုးသမီး ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောနှင့်တောင်စွယ်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လွမ်းပိုအောင်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပင်ရွှေဘုန်း" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "လယ်ယာသပြေ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပလွေပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ရေယမုံ" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သီလာမြေယံ" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာအောင်ချာ" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "ဖန်ထွေလာ" (မွန်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လွမ်းဘွဲ့ဝေ" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း တီးမှုတ် ယှဉ်ပြိုင်ကြသည်။

**တယောပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အိုသာတင့်ဆုံး" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အောင်မြေမြမန်း" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ညဥ့်သုံးယံခါ" (ပတ်ပျိုး)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သူဌေးဝါဒ" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောင်တောသာယာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့" (ကြိုး) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားတယောပြိုင်ပွဲတွင် ကယားပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင် ဦးသန်းဇော် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပလွေပြိုင်ပွဲတွင် ကချင်ပြည်နယ် ကိုယ်စားပြု ပြိုင်ပွဲဝင် ဦးဇင်မင်းထိုက် ယှဉ်ပြိုင်စဉ်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ** ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟော်သခေါ" ဇာတ်တော်ကြီးဖြင့် ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြု ရောဝတီတိုင်းဒေသကြီး မဟော်သခေါ ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သခေါဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဇာတ်တော်ကြီးပြိုင်ပွဲ အဖြစ် မဟော်သခေါ ဇာတ်တော်ကြီးပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲအဖြစ် ဝါသနာရှင်အဆင့် (ပထမတန်း) "ပညာရွှေအိုး"ဇာတ်ပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲအဖြစ် ဝါသနာရှင် အဆင့် (ဒုတိယတန်း) (အမျိုးသား/အမျိုးသမီး) မင်းသားနှင့် မင်းသမီး အရုပ်ကြိုးဆွဲပြိုင်ပွဲတို့ပါဝင်သည်။ ထို့ပြင် ရှားပါးပညာရပ်တစ်ခုဖြစ်သော တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်သည့် နှုတ်မှုစွမ်းရည်ပြ "ကွက်စိပ်" ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။ ရှေးအခါက ဇာတ်ပို့ဆိုင်းမပါဘဲ ဟောပြောသည့် "စာဟော" ကွက်စိပ်နှင့် ဇာတ်ပို့ဆိုင်းပါဝင်သည့် "ဇာတ်ပြော" ကွက်စိပ်ဟူ၍ရှိပြီး ယခုပြိုင်ပွဲတွင် ထည့်သွင်းထားသည်မှာ ဇာတ်ပို့ဆိုင်းပါဝင်သည့် ဇာတ်ပြော ကွက်စိပ်ဖြစ်ကာ ဝါသနာရှင်အဆင့် (ပထမတန်း) အတွက် "တိလမုဋ္ဌိ" ဇာတ်နှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အတွက် "သသပဏ္ဍိတ" ဇာတ်ကို ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည်။

အရေးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား/ အမျိုးသမီး၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/ အမျိုးသမီး၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား/ အမျိုးသမီး၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတို့ပါဝင်ပြီး ပြိုင်ပွဲဝင်ချိန်တွင် မဲကျသည့် သတ်မှတ်ခေါင်းစဉ်အတိုင်း ရေးသားယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် မနှင်းအိလှိုင်၏ ယှဉ်ပြိုင်မှု။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) မယ်ဒလင်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်မှု။

# မယ်ဒလင်အတီးကို စိတ်ဝင်စားတဲ့သူတွေက ရှားပါးသွားပါပြီ။ ဒီလိုပြိုင်ပွဲတွေမှာ မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ မယ်ဒလင်အတီးက ပျောက်ကွယ်မသွားတော့တဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်

ဦးကြည်ရွှေ(အကဲဖြတ်ပညာရှင်)


ဦးကြည်ရွှေ


ဦးသန်းရှိန်


မမိုးသဇင်အောင်


မခိုင်သင်းကြည်


မောင်ပြည့်စုံဦး


မောင်ဇော်မင်းဦး


မစိုးယုနန္ဒာ


မောင်အောင်စွမ်းထက်

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာ့ရိုးရာယဉ်ကျေးမှု သုခုမအမွေအနှစ်များကို ဖော်ထုတ်နိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်များကို နိုင်ငံနှင့် လူမျိုး၊ အမျိုးသားယဉ်ကျေးမှုတို့၏ ဂုဏ်သိက္ခာကို အလေးထားတန်ဖိုးထား ထိန်းသိမ်းရန်အတွက် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပလျက်ရှိရာ အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ပညာရှင်များနှင့်တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းခံစားချက်များကို ဖော်ထုတ်ရေးသားတင်ပြလိုက်ရပါသည်။

**ဦးကြည်ရွှေ(အကဲဖြတ်ပညာရှင်)**

(၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ မယ်ဒလင်ပြိုင်ပွဲ အကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်ပါတယ်။ အမှတ်ပေးနည်းစနစ်ကို သေချာလေ့လာပြီး အမှတ်ပေးတာဖြစ်ပါတယ်။ မယ်ဒလင် အတီးကို စိတ်ဝင်စားတဲ့သူတွေက ရှားပါးသွားပါပြီ။ ပွဲတွေလုပ်ဖို့ ပြတ်သွားတဲ့ ကြားကာလမှာ အတော်လေး ရှားပါးသွားတဲ့အတွက် (၂၃)ကြိမ်မြောက် ပြိုင်ပွဲတုန်းကဆိုရင် မယ်ဒလင် အတီးပြိုင်ပွဲဝင်တွေကို ရှားရှားပါးပါး ပြန်လည်ခေါ်ယူရပါတယ်။ ဒီနှစ်ပြိုင်ပွဲမှာတော့ ကဏ္ဍစုံပါဝင်လာတဲ့အတွက် တော်တော်တိုးတက်လာတယ်လို့ ပြောလို့ရပါတယ်။ မျိုးဆက်သစ်ကလေးတွေကလည်း ပြန်ပြီးစိတ်ဝင်စားလာကြပါတယ်။ ကိုယ်တိုင်လည်း မယ်ဒလင်အတီးကို မြတ်မြတ်နိုးနိုးနဲ့ ငယ်ငယ်ကတည်းက တီးခတ်လာတာဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲတွေမှာ မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ ဒီလိုပြိုင်ပွဲကြီးကျင်းပပေးခြင်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုအဖြစ် ပါဝင်တဲ့ မယ်ဒလင်အတီးက ပျောက်ကွယ်မသွားတော့တဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးသန်းရှိန်(ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်)**

ဝါသနာရှင် ဒုတိယတန်း မယ်ဒလင် အတီးပြိုင်ပွဲမှာ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အရင်တုန်းကလည်း ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာ ငွေတံဆိပ်ဆုရရှိဖူးပါတယ်။ ဒီနှစ်တော့ ရွှေတံဆိပ်ဆုရရှိဖို့ မျှော်မှန်းထားပါတယ်။ ဒီလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပေးတဲ့အတွက် စိတ်ချမ်းသာရပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ထွန်းကားဖို့ အဆက်မပြတ်တော့ဘူးလို့ပြောလို့ ရပါတယ်။ ခေတ်တွေ ပြောင်းလဲလာတဲ့အခါ မယ်ဒလင်ပညာကို ဆည်းပူးတဲ့သူတွေက ရှားပါးလာပါတယ်။ အဲဒါကြောင့် မျိုးဆက်သစ်လူငယ်တွေကို ပညာအမွေတွေ လက်ဆင့်ကမ်းပေးချင်ပါတယ်။ ဒီလိုပြိုင်ပွဲကြီးတွေကျင်းပပေးမှလည်း မြန်မာ့ဂီတတွေကို ပိုပြီးစိတ်ဝင်စားလာကြမှာဖြစ်ပါတယ်။ အမြဲတမ်း ဒီလိုပြိုင်ပွဲကြီးတွေ ကျင်းပပေးစေချင်ပါတယ်လို့ ပြောချင်ပါတယ်။

**မမိုးသဇင်အောင်(မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်)**

မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်အနေနဲ့ ဝါသနာရှင် ဒုတိယတန်း အမျိုးသမီးအကပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ပထမဆုံးပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပထမဆုံး ပါဝင်ယှဉ်ပြိုင်တာဆိုတော့ စိတ်လှုပ်ရှားပေမယ့် ကြိုးစားပြီးယှဉ်ပြိုင်သွားမှာပါ။ ဆုတံဆိပ်အနေနဲ့ကတော့ ရွှေတံဆိပ်ဆု မျှော်မှန်းထားပါတယ်။ ဒီလိုပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် ကျွန်မတို့လို မျိုးဆက်သစ်တွေအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာနဲ့ပတ်သက်ပြီး ဗဟုသုတတွေ အများကြီးရရှိစေပါတယ်။ ဒီလိုပြိုင်ပွဲကြီးမှာ ယှဉ်ပြိုင်ရတဲ့အတွက် အကနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ၊ အက ပညာတွေရရှိစေပါတယ်။ ဒီပြိုင်ပွဲကြီးအတွက် ဆရာ၊ ဆရာမတွေရဲ့ အနီးကပ်သင်ကြားပြသမှုတွေကြောင့် အကစွမ်းရည်တွေလည်း ပိုမိုတိုးတက်စေပါတယ်။

**မခိုင်သင်းကြည်(ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်)**

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ စောင်းနဲ့ မယ်ဒလင်အတီးနှစ်မျိုး ပါဝင်ယှဉ်ပြိုင်ပါတယ်။ စောင်းအတီးမှာတော့ ဝါသနာရှင်ပထမတန်းနဲ့ မယ်ဒလင်မှာတော့ ဝါသနာရှင် ဒုတိယတန်းဖြစ်ပါတယ်။ မယ်ဒလင်အတီးပညာကို ၅ နှစ်သမီးကတည်းက စတင်သင်ကြားခဲ့ပါတယ်။ ၆ နှစ်အရွယ်မှာ မယ်ဒလင်ကို ကောင်းကောင်းတီးတတ်နေပါပြီ။ အဲဒါကြောင့် အသက် ၅ နှစ်မှ ၁၀ နှစ်အတွင်း ပြိုင်ပွဲတွေမှာ စတင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဆုတွေအနေနဲ့ကတော့ ပထမဆု၊ ဒုတိယဆုနဲ့ တတိယဆုတွေ အစုံရရှိခဲ့ပါတယ်။ ဒီပြိုင်ပွဲကြီးမှာလည်း အကောင်းဆုံးဆုကို မျှော်မှန်းထားပါတယ်။ ဒီလိုပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် အနုပညာဝါသနာပါသူတွေအတွက် အလွန်ကောင်းတဲ့ ပွဲကြီးတစ်ပွဲလို့ ထင်ပါတယ်။ ပြိုင်ပွဲဝင်တွေအားလုံးလည်း အကောင်းဆုံးဆုတွေ ရရှိကြပါစေလို့ ဆုတောင်းပေးပါတယ်။ မျိုးဆက်သစ်မောင်လေး၊ ညီမလေးတွေကိုလည်း ဝါသနာပါတဲ့ အနုပညာကို လေ့လာဆည်းပူးကြပါလို့ ပြောချင်ပါတယ်။

**မောင်ပြည့်စုံဦး(တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်)**

မြန်မာ့ဂီတကို နှစ်သက်မြတ်နိုးတဲ့အတွက် ဒီ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက လေ့ကျင့်မှုတွေ အများကြီးပြုလုပ်ပြီးမှ လာရောက်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲကြီးနီးကပ်စဉ် ကာလမှာလည်း နေ့ရောညပါ အချိန်ပြည့် လေ့ကျင့်ခဲ့ရပါတယ်။ မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်တဲ့ ဒီပြိုင်ပွဲကြီးကို ယခုလိုကျင်းပပေးတဲ့အတွက် နောင်မျိုးဆက်သစ် အနုပညာရှင်တွေအနေနဲ့လည်း မြန်မာ့ဂီတကို ပိုမိုချစ်မြတ်နိုးပြီး စိတ်ဝင်စားလာကြမယ်လို့ထင်ပါတယ်။ နောက်ပြီး ကျွန်တော်တို့က မြန်မာလူမျိုးဖြစ်တဲ့အတွက် ကိုယ့်ဂီတကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲကနေတစ်ဆင့် ကိုယ့်ရိုးရာအမွေကို လက်ဆင့်ကမ်းပေးနေတာဖြစ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုတွေကို မပျောက်ပျက်စေဘဲ ထိန်းသိမ်းစောင့်ရှောက်နိုင်အောင် ပြိုင်ပွဲကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**မောင်ဇော်မင်းဦး(ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်)**

မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ မဟာဂီတသီချင်းတွေကို မိဘတွေက ကျွန်တော်ငယ်စဉ်ကတည်းကသီဆိုလာကြပါတယ်။ ဒီသံစဉ်တွေကိုကြားပြီး သီဆိုချင်စိတ်ဖြစ်ပေါ်လာရာကနေတစ်ဆင့် ဝါသနာပါတဲ့အဆင့်အထိ ဖြစ်လာတာပါ။ ဒါကြောင့် သေချာလေ့ကျင့်ပြီး အဆိုပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်လို အသက်အရွယ်မှာ ဒီလိုမဟာဂီတတေးသီချင်းတွေကို ကြိုက်နှစ်သက်တဲ့သူရှားပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်တစ်ခုဖြစ်တဲ့ မဟာဂီတကို ဝင်ရောက် ယှဉ်ပြိုင်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ ဗဟိုအဆင့်မှာ လာရောက်ယှဉ်ပြိုင်ရမယ်လို့လည်း မျှော်မှန်းထားခဲ့ခြင်းမရှိပါဘူး။ ကျွန်တော့်ရဲ့ လေ့ကျင့်ကြိုးစားမှုတွေ တကယ်ဖြစ်လာခဲ့တယ်လို့ ပြောလို့ရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဝါသနာတူ သူငယ်ချင်းတွေကို တစ်စုတစ်စည်းတည်း တွေ့မြင်ခင်မင်ခွင့်ရတဲ့အပြင် အတူတူမြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို ထိန်းသိမ်းခွင့်ရတဲ့အတွက်လည်း ပြောမပြတတ်အောင် ဝမ်းသာပျော်ရွှင်မိပါတယ်။ နောက်မျိုးဆက်သစ်တွေအနေနဲ့လည်း ကိုယ့်ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းတဲ့အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**မစိုးယုနန္ဒာ(ရခိုင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကာလပေါ်အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် အများကြီး ပြင်ဆင်လေ့ကျင့်ခဲ့ရပါတယ်။ အဓိကကတော့ သီချင်းစာသားတွေ မှန်ကန်အောင်၊ စည်းဝါးကိုက်ညီမှုရှိအောင် သေချာအချိန်ယူ လေ့ကျင့်ခဲ့ပြီးမှ လာရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ ငယ်ငယ်ကတည်းက မြန်မာသံစဉ်တွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားခဲ့ပါတယ်။ အခုခေတ်အခြေအနေအရ မြန်မာသံစဉ်တွေကိုစိတ်ဝင်စားမှု နည်းပါးနေပါတယ်။ ဒါကြောင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပပေးခြင်းဟာ ကိုယ့်ရိုးရာအမွေအနှစ် အနုပညာရပ်တွေကို ထိန်းသိမ်းပေးရာလည်း ရောက်ပါတယ်။ ခေတ်ပေါ်တေးဂီတတွေကို စိတ်ဝင်စားမှုရှိတာလည်း ကောင်းပါတယ်။ ဒါပေမယ့် ကိုယ်က မြန်မာဖြစ်တဲ့အတွက် မြန်မာ့ဂီတသံစဉ်တွေကိုလည်း စိတ်ဝင်တစားနဲ့ ထိန်းသိမ်းကြဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။

**မောင်အောင်စွမ်းထက်(မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်)**

အခြေခံပညာ အသက် (၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အကပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို (၂၃)ကြိမ်မြောက်က စတင်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ မနှစ်ကတော့ နှစ်သိမ့်ဆုနဲ့ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ ဒီနှစ်အတွက်တော့ ရွှေတံဆိပ်ဆုရရှိဖို့ ကြိုးစားထားပါတယ်။ ပြိုင်ပွဲအပေါ်မှာ စိတ်လှုပ်ရှားမှု မရှိပါဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိပါတယ်။ အကပညာကို ဝါသနာပါတဲ့အတွက် ၉ နှစ်အရွယ်ကတည်းက လေ့လာဆည်းပူးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲကြီးက ကျွန်တော်တို့လို မျိုးဆက်သစ်တွေကိုမွေးမြူတဲ့ ပွဲကြီးတစ်ပွဲလို့ ထင်မြင်မိပါတယ်။

တွေ့ဆုံမေးမြန်း
အောင်ရဲသွင်၊ အေးအေးသန့်
ဓာတ်ပုံ
အောင်သန့်

# အလှမီးထွန်းပွဲကို ကြည့်ရှုခံစားရင်း ထုတ်ကုန်ပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန်နှင့် ထုတ်လုပ်ရောင်းချသူတွေ အဆင်ပြေစွာ ရောင်းချနိုင်စေရန် လာရောက်အားပေးကြဖို့ ဖိတ်ခေါ်အပ်ပါတယ်

ရန်ကုန် အောက်တိုဘာ ၂၇

**ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့ပြီး သီတင်းကျွတ်ဈေးရောင်းပွဲတော်ကြီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်လုပ်သည့်ပစ္စည်းများ၊ MSME လုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ၊ သမဝါယမဝန်ကြီးဌာနမှ ထုတ်ကုန်များ၊ စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ကုန်ပစ္စည်းများကို ဆိုင်ခန်းပေါင်း ၅၀၀ ခန့်ဖြင့် ပြသရောင်းချလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်း များအပါအဝင် ပြည်သူများ ဝယ်ယူအားပေးမှုများပြားခဲ့သည်။**

ထို့ပြင် အောက်တိုဘာ ၂၇ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ပွဲတော်ရက်အတွင်း နေ့စဉ် E-sport ဂိမ်းပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ ဆပ်ကပ်၊ မျက်လှည့်၊ DJ၊ Dancer အကများဖြင့် ဖျော်ဖြေမှုများကို နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ အားပါးတရ ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ ယနေ့တွင် အဆိုပါပွဲတော်ရှိ တာဝန်ရှိသူများနှင့် လာရောက်သူများ၏ စကားသံများကိုလည်း စုစည်းဖော်ပြလိုက်ပါသည်။

**ဦးမျိုးမြင့်အောင်**
**ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး**

မနှစ်ကလည်း သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စတဲ့နေ့တွေမှာ ဈေးရောင်းပွဲတော်တွေ ဆောင်ရွက်တဲ့အခါ လာရောက်ကြည့်ရှုတဲ့ပြည်သူတွေကို ဖျော်ဖြေပွဲတွေထည့်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်မှာလည်း သီတင်းကျွတ်ပွဲတော်ကို စက်မှုထုတ်ကုန်၊ ရေထွက်ပစ္စည်းအားလုံး ဆိုင်ခန်းပေါင်း ၅၀၀ နဲ့ ဖွင့်လှစ်ရောင်းချခြင်းဖြစ်ပါတယ်။ ဒီနှစ်ထူးခြားချက်က ယခင်နှစ်နဲ့မတူတဲ့ ရေထွက်ကုန်ပစ္စည်းတွေ ပြည်သူလူထုသိရှိအောင် ငါး၊ ပုစွန်၊ ကဏန်း စတဲ့ ပင်လယ်စာတွေကို ကျွန်တော်တို့နိုင်ငံမှာ စနစ်အသစ်နဲ့ ဒါတွေကို ဆောင်ရွက်နေတယ်ဆိုတာရယ်၊ ဈေးသက်သက်သာသာနဲ့ဝယ်ယူလို့ရအောင် ဒါတွေကို ပရိုမိုးရှင်းလုပ်ပြီး ထည့်သွင်းရောင်းချတာဖြစ်ပါတယ်။ ဒါ့အပြင် လာရောက်လည်ပတ်တဲ့ လူငယ်တွေအတွက်လည်း ၂၇၊ ၂၈၊ ၂၉ ပေါ့။ နေ့လယ်ပိုင်းမှာဆိုရင် E-Sport ဂိမ်း ယှဉ်ပြိုင်ပွဲရှိပါတယ်။ ပြိုင်ပွဲပြီး ဆုပေးမယ့်အစီအစဉ် ပါဝင်တယ်။ နောက်ဆုံး ၃၀ ရက်နေ့ကျရင် ကျွန်တော်တို့နိုင်ငံမှာ အကောင်းဆုံးဖြစ်တဲ့ ဖယ်လ်ကွန်အသင်းနဲ့ အုပ်စုလိုက် ယှဉ်ပြိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

နံပါတ်တစ်ကတော့ မြန်မာနိုင်ငံမှာ ထုတ်နေတဲ့ MSME ထုတ်ကုန်တွေကို တော်တော်များများ မသိကြဘူး။ ကျွန်တော်တို့ကိုယ်တိုင်ကအစ စက်ရုံတွေရောက်မှ တွေ့ရတဲ့အခြေအနေ။ အရည်အသွေးပိုင်း ကြည့်လို့ရမယ်။ ပစ္စည်းချင်းတူလို့ရှိရင် ပြည်ပသွင်းတဲ့ ကုန်ပစ္စည်းနဲ့စာရင် ဒီပစ္စည်းတွေက ဈေးနှုန်းအများကြီးသက်သာတယ်။ ရေထွက်ပစ္စည်း၊ ငါး၊ ပုစွန်၊ ကဏန်း၊ ပင်လယ်စာတွေ ကို ကျွန်တော်တို့နိုင်ငံမှာ စနစ်အသစ်နဲ့ ထုတ်နေတာရှိပါတယ်။ ဒါက ယုဇနကဆောင်ရွက်တဲ့ Global Earth Agro & Aqua Industry Public Company Limited ဆိုရင် အရှေ့တောင်အာရှမှာ တစ်ခုပဲရှိတယ်။ ငါးတွေကို စနစ်အသစ်နဲ့ မွေးထားတာဖြစ်ပါတယ်။ ငါးရဲ့အရည်အသွေးပိုင်းလည်း ကောင်းပါတယ်။ ဈေးနှုန်းကလည်း သက်သက်သာသာနဲ့ တစ်ပိဿာကို ခြောက်ထောင်နဲ့ ရောင်းချပေးမှာဖြစ်ပါတယ်။

သွားလာရေး အဆင်ပြေအောင်လည်း ည ၁၀ နာရီအထိ၊ မြို့နယ်အသီးသီးကို ပြန်နိုင်ဖို့ YBS ယာဉ်တွေကို စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ညနေပိုင်းဆိုရင် ၆ နာရီကနေ ညပိုင်း ၁၀ နာရီအထိ ရုပ်ရှင်၊ ဂီတ နာမည်ကြီးအနုပညာရှင်တွေက နေ့စဉ်ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ စတုဒိသာကျွေးမွေးဖို့အပိုင်းက မနက်ပိုင်းနဲ့ ညနေပိုင်းအတွင်း တစ်နေ့တာကို ဒန်ပေါက် အထုပ် ၆၀၀၀ ကျွေးမွေးပေးသွားမှာဖြစ်ပါတယ်။

**ဒေါက်တာ တိုးနန္ဒာတင်**
**အကြီးတန်းဒုတိယဥက္ကဋ္ဌ၊**
**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်**

ကျွန်မတို့ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ ပြည်သူတွေအတွက်ဆိုရင် ပညာပေးရယ်၊ တကယ်တမ်းလုပ်နေတဲ့ လုပ်ငန်းတွေလည်းရှိတယ်။ ငါးလုပ်ငန်းနဲ့ပတ်သက်တဲ့ ရှင်းလင်းချက်တွေ၊ လက်ရှိ ရှိနေတဲ့ ရေလုပ်ငန်းကဏ္ဍရယ်၊ နောက်ပြီး တိုးတက်အောင်ဘာလုပ်မလဲဆိုတဲ့ ရှင်းလင်းချက်တွေကို တစ်ခါတည်း ဗီဒီယိုကလစ်နဲ့ ပြသထားပါတယ်။ ငါးထုတ်နေတဲ့ကုမ္ပဏီတွေ၊ ဥပမာ ငါးနီတူခြောက်တို့၊ ဒါတွေကို ရောင်းလည်းရောင်းတယ်၊ ပြလည်းပြထားတယ်။ ငါးကနေလုပ်တဲ့ ငါးအသားလုံးလေးတွေ၊ ငါးကိတ်တို့၊ ငါးအသားချောင်းတွေကို ရောင်းပေးနေတယ်။ အဲဒါတွေကိုလည်း ကြော်ပြီးရောင်းပေးတယ်။ အထုပ်လိုက်လည်း ရောင်းပေးတယ်။ ငါးနဲ့ပတ်သက်ရင် အဓိကက ငါးတန်ကို အခုပွဲတော်မှာ တစ်ကောင်ကို သုံးထောင်နဲ့ ခွဲပြီး ဆေးကြောပြီးသားကို ပြည်သူလူထုကို ဈေးသက်သက်သာသာနဲ့ ရောင်းပေးပါတယ်။

**ဒေါ်ဇာခြည်ဌေး**
**ဒါရိုက်တာ၊ Global Earth Agro & Aqua Industry Public Company Limited**

ဒီပြပွဲမှာ ကျွန်မတို့မွေးမြူထားတဲ့ Fresh Silver Dory Fish နဲ့ပတ်သက်ပြီး အသေးစိတ် ပြသသွားမှာဖြစ်ပါတယ်။ ဒီငါးကို ပုံမှန် သမားရိုးကျ ငါးမွေးမြူတာနဲ့ ဘယ်လိုမျိုးတွေ ကွာခြားလဲ၊ နောက်ပြီး ထုတ်ကုန်တွေကို ဘယ်လိုမျိုးပြန်ပြီးတော့ ပြုပြင်ပြီး စားသုံးလို့ရလဲပေါ့။ အခု ကျွန်မတို့ထုတ်တဲ့ပစ္စည်း သုံးမျိုးမှာ တစ်မျိုးက ဈေးကွက်အနေနဲ့ ပုံမှန်ငါးနဲ့မတူဘဲ လတ်လတ်ဆတ်ဆတ် အနံ့အသက် မရှိဘူး။ နောက်တစ်မျိုးက အေးခဲထားတဲ့ပစ္စည်း၊ အိမ်ရောက်တဲ့အခါ ငါးမိနစ်ကနေ ၁၀ မိနစ်အတွင်း ဟင်းတစ်ခွက်အဖြစ် ဖန်တီးလို့ရတယ်။ အဲဒီလိုပုံစံမျိုးနဲ့ ဟင်းအမယ်မျိုးစုံ၊ မြန်မာဟင်းပုံစံမျိုးလည်း ရှိတယ်။ နောက်ပြီး ပေါင်မုန့်ကတ်တွေနဲ့ လုပ်ထားတဲ့ မုန့်လိုသဘောမျိုး အကြော်လေးတွေလည်းရှိတယ်။ အကင်သဘောလိုမျိုး လုပ်စားလို့ရတာလည်း ရှိတယ်။ ငါးဖယ်လုံးလိုမျိုး လုပ်ထားတာလည်း ရှိတယ်။ ပုံစံတော်တော် အမျိုးစုံစုံလင်လင် ပြသထားပါတယ်။ ဈေးနှုန်းလည်း အသင့်အတင့်လေးရှိပါတယ်။ ပြပွဲကာလမှာလည်း ငါးနဲ့ပတ်သက်ပြီး ပရိုမိုးရှင်းကာလအနေနဲ့ လက်ဆောင်ပစ္စည်းအနေနဲ့လည်း ဝယ်ယူတဲ့အခါ ကံစမ်းမဲလေးတွေလည်း လုပ်ပေးသွားပါမယ်။ ပြပွဲကို လာရောက်ကြည့်ရှုပါလို့ ဖိတ်ခေါ်ချင်ပါတယ်။


ဦးမျိုးမြင့်အောင်


ဒေါက်တာတိုးနန္ဒာတင်


ဒေါ်ဇာခြည်ဌေး

**ဒေါက်တာ ခင်သော်တာဝင်း**
**ဒုတိယညွှန်ကြားရေးမှူး၊**
**ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**

၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်ကျင်းပရတဲ့ ရည်ရွယ်ချက်က နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်တွင်းထုတ်ကုန်တွေ အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်အစားထိုးထုတ်ကုန်တွေကို အားပေးမြှင့်တင်ရန်၊ ပြည်တွင်းထုတ်ကုန်တွေကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ရည်ရွယ်ဆောင်ရွက်ရန် လမ်းညွှန်ချက်တွေအပေါ် အထောက်အကူဖြစ်စေမယ့် ကဏ္ဍတစ်ရပ်နဲ့အညီ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ စက်မှုထုတ်ကုန်များနဲ့ MSME ထုတ်ကုန်များကို ပြသရောင်းချတာဖြစ်ပါတယ်။ သီတင်းကျွတ် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ လေးရက်တိုင်တိုင် ခင်းကျင်းပြသရောင်းချသွားမှာ ဖြစ်ပါတယ်။ နံနက် ၈ နာရီကနေ ည ၁၀ နာရီအထိ ဖျော်ဖြေရေး အစီအစဉ်တွေအပါအဝင် E-Sport ဂိမ်းပြိုင်ပွဲတွေ၊ စတုဒိသာကျွေးမွေးတာတွေ၊ ရုပ်ရှင်၊ သဘင်နဲ့ ဂီတနယ်ပယ်က ကျော်ကြားလျက်ရှိတဲ့ အနုပညာရှင်တွေရဲ့ ဖျော်ဖြေတင်ဆက်မှုတွေ၊ DJ၊ Dancer တွေနဲ့ ဖျော်ဖြေတင်ဆက်မှုတွေကို ကြည့်ရှုခံစားနိုင်ကြမှာဖြစ်ပြီး ဆန်၊ ဆီ၊ ကြက်ဥနဲ့ ဟင်းသီးဟင်းရွက် စတဲ့ အခြေခံစားသောက်ကုန်တွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးသွားမှာဖြစ်ပါတယ်။ ဈေးရောင်းပွဲတော်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန်တွေ၊ UMFCCI နဲ့ ညီနောင်အသင်းတွေဖြစ်တဲ့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ MSME လုပ်ငန်းရှင်တွေ၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ လူငယ်စွန့်ဦးတီထွင်သူများအသင်း၊ ကွန်ပျူတာအသင်းချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့က ထုတ်ကုန်အရောင်းပြခန်းများနဲ့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ရေထွက်ပစ္စည်းပြခန်းနဲ့ ဆိုင်ခန်းများ စတဲ့ဆိုင်ခန်းတွေ ပါဝင်ပြီး အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်က လာရောက်ပြသတဲ့ ပြခန်းတွေအနေနဲ့ ကချင်ပြည်နယ်က သုံးခန်း၊ ပဲခူးတိုင်းဒေသကြီးက ငါးခန်း၊ မန္တလေးတိုင်းဒေသကြီးက နှစ်ခန်း၊ ရှမ်းပြည်နယ်က ငါးခန်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက တစ်ခန်းနဲ့ ဧရာဝတီတိုင်းဒေသကြီးက နှစ်ခန်းပါဝင်တာကြောင့် စားသောက်ဆိုင်များအပါအဝင် ဆိုင်ခန်းပေါင်း ၅၀၀ ခန့်နဲ့ ပြသရောင်းချလျက်ရှိပါတယ်။ ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသထားတာ ဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့ စိတ်လက်ပေါ့ပါး ပျော်ရွှင်စွာ အလှပန်းခင်းနဲ့ အလှမီးထွန်းပွဲကို ကြည့်ရှုခံစားရင်း ထုတ်ကုန်ပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန်နှင့် ထုတ်လုပ်ပြသရောင်းချသူတွေ အဆင်ပြေစွာ ရောင်းချနိုင်စေရန် လာရောက်ဝယ်ယူအားပေးကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။


ဒေါက်တာခင်သော်တာဝင်း


ဒေါ်သန်းသန်းစိုး

**ဒေါ်သန်းသန်းစိုး**
**ပြပွဲလာရောက်သူ တစ်ဦး**

ဈေးပွဲတော်ရှိလို့ ကြည့်မြင်တိုင်ကနေ လာတာပါ။ အခု ဒီမှာ ဆီရောင်းနေတာတွေ့လို့ အပြင်ထက် ဈေးသက်သာတာနဲ့ အရင်ဆုံး ဆီဝယ်လိုက်တယ်။ နောက်ပြီးမှ ပြခန်းတွေ၊ ဆိုင်ခန်းတွေကို သွားကြည့်မယ်။ တခြားသူတွေကို ဒီပွဲတော်ကို လာရောက် ကြည့်ရှု ဝယ်ယူအားပေးကြဖို့ ဖိတ်ခေါ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ချိုကြီး**
**ဓာတ်ပုံ - ကျော်ကြီး**

# ကယားပြည်နယ်တွင် ဒေသထွက်ကုန်များ အဆင့်မီမီထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို

လွိုင်ကော် အောက်တိုဘာ ၂၇

**ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၃) ကို ယနေ့ နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်သည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မူဝါဒများချမှတ်ပြီး ရန်ပုံငွေများခွင့်ပြုပေးခြင်း၊ MSMEs လုပ်ငန်းများကို အားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်ရာတွင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် MSMEs လုပ်ငန်းများတွင် အဓိကအားဖြင့် ပိုမိုရင်းနှီးမြှုပ်နှံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခေတ်မီမွေးမြူရေး လုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံနိုင်ရန် ဦးစားပေးဖိတ်ခေါ်ရန် လိုအပ်ကြောင်း၊ ဒေသထွက်ကုန်များနှင့် ပတ်သက်၍ အဆင့်မီမီ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုအား တွေ့ဆုံဝန်ဆောင်မှုပေးခဲ့မှု၊ Blue Spring Company Limited က ဟိုတယ်တည်ဆောက်ရေးကာလကို တတိယအကြိမ် သက်တမ်းတိုးမြှင့်ခွင့်ပြုရန် တင်ပြလာမှု၊ အကျိုးတူလယ်ယာစနစ်ဖြင့် ပြောင်းနှင့် နေကြာစိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် Treasure Corn Agri Company Limited နှင့် Treasure Corn Company Limited တို့မှ အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းအပေါ် အတည်ပြုမိန့်အသစ် ခွင့်ပြုပေးနိုင်ရေးတို့ကို ကော်မတီအတွင်းရေးမှူး ဦးစစ်အောင်က တင်ပြဆွေးနွေးသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုဇင်(လွိုင်ကော်)**

---

❂ *ကျော့ဖုံးမှ*

"ပုဂံဒေသဟာ ခရီးသွားလုပ်ငန်းကို အမှီပြုနေရတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ဒီနှစ်သီတင်းကျွတ်ပွဲတော်ကာလကစပြီး ခရီးသွားရာသီတစ်လျှောက်မှာ ပြည်တွင်း/ ပြည်ပခရီးသွား တစ်ဖွဲ့ဖွဲ့ဝင်ရောက်မယ်လို့ မျှော်မှန်းထားကြပါတယ်။ ကိုဗစ်ကပ်ရောဂါ ဖြစ်ပွားပြီးတဲ့နောက် ခရီးသွားကဏ္ဍ ပြန်လည်ဖွင့်လှစ်ချိန်ကစပြီး ခရီးသွားဝင်ရောက်မှုဟာ ယခင်စံနှုန်းကို မရောက်သေးပေမယ့် တစ်နှစ်ထက်တစ်နှစ် တိုးလာတာကိုတွေ့ရမှာပါ။ ပုဂံကိုလာရောက်လေ့လာတဲ့အခါမှာ ပြည်တွင်း/ ပြည်ပခရီးသွားတွေ မလုပ်မဖြစ်လုပ်ဆောင်ကြလေ့ရှိတဲ့အရာတစ်ခုက ညနေဆည်းဆာအလှကို ကြည့်ရှုပြီး စိတ်အပန်းဖြေမှုနဲ့အတူ ဓာတ်ပုံရိုက်ခြင်းပါပဲ။ နိုင်ငံခြားခရီးသွားနဲ့ လူငယ်တွေအနေနဲ့ ညနေဆည်းဆာအလှကို ညောင်လက်ဖက်ကန်နဲ့ စူဋာမဏိကန် (ဖိုးသူတော်ကန်) နေရာကနေ ကြည့်ရှုကြတာများပါတယ်။ ပုဂံဒေသဟာ ရှေ့လျှောက် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးဖို့ပဲရှိပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ) မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။

၂၀၂၃ ခုနှစ် သီတင်းကျွတ်ပွဲတော်ကာလတွင် ပုဂံဒေသရှိ ဟိုတယ်နှင့် တည်းခိုခန်းများ အခန်းပြည့်နီးပါး ကြိုတင်မှာယူထားကြောင်း သိရသည်။ ၂၀၂၁ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ ပုဂံယဉ်ကျေးမှုနယ်မြေရှိ အထင်ကရဘုရား၊ စေတီ တစ်နေရာလျှင် ခရီးသွား ၃၀၀၀ ခန့် ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ စူဋာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ ဖူးဘုရား၊ မနူဟာ၊ မြစေတီ၊ လောကနန္ဒာ၊ ဓမ္မရာဇိက၊ ငှက်ပစ်တောင်၊ တူးရွင်းတောင်နှင့် တန့်ကြည်တောင်တို့၌ နံနက်ခင်းမှ ညပိုင်းဆီမီးပူဇော်သည့် အချိန်အထိ ဘုရားဖူးတစ်သိန်းနှစ်သောင်းအထိ ဝင်ရောက်ခဲ့ရာ ယခုသီတင်းကျွတ်လပြည့် အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တို့တွင် ပုဂံယဉ်ကျေးမှုဒေသ၌ ပြည်တွင်း/ပြည်ပခရီးသွားတို့ဖြင့် အထူးစည်ကားနိုင်ဖွယ်ရှိကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

---

# ယူရိုပါလိဂ်ပွဲစဉ် (၃) မှာ တူးလော့စ်ကို ငါးဂိုးပြတ်အနိုင်ယူခဲ့တဲ့ လီဗာပူး

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ပွဲစဉ် (၃) မှ လီဗာပူးနဲ့ ပြင်သစ်ကလပ် တူးလော့စ်အသင်းပွဲစဉ်ကို အောက်တိုဘာ ၂၇ ရက် နံနက် ၁ နာရီ ခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက တိုက်စစ်ခြေစွမ်းပြပြီး ငါးဂိုးပြတ်အနိုင်ရရှိကာ အမှတ်ပေးဇယားကို ရမှတ် ကိုးမှတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

### ပရိသတ် ၄၉၀၀၀ ကျော် လာရောက်ကြည့်ရှု

အဆိုပါ ပွဲစဉ်ကို အန်းဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ပရိသတ် ၄၉၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ လီဗာပူး အသင်းသည် ပြီးခဲ့သည့် ပွဲစဉ်မှ ကစားသမားစာရင်း အများအပြား အပြောင်းအလဲပြုလုပ်ပြီး တူးလော့စ်အသင်းကို ရင်ဆိုင်လာခဲ့သည်။

တူးလော့စ်အသင်းသည် အစပိုင်းပွဲချိန်များတွင် လီဗာပူးအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကို ခုခံကာကွယ်ခဲ့ရသော်လည်း နောက်ပိုင်းပွဲချိန်များတွင် တုံ့ပြန်ကစားနိုင်ခဲ့သည်။ သို့သော်လည်း နိုင်ပွဲရသည်အထိ လုံလောက်သည့် စွမ်းဆောင်မှုမျိုး ပြသနိုင်ခဲ့ခြင်း မရှိပေ။

### ချေပဂိုးသွင်းယူပေး

လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ဂျိုတာ၊ အန်ဒို၊ နူနက်ဇ်၊ ဂရာဘင်ဘာ့ဂ်နှင့် ဆာလာစသည့် မတူညီသည့် ကစားသမား ငါးဦးက သွင်းယူပေးနိုင်ခဲ့သည်။ တူးလော့စ်အသင်းအတွက် ချေပဂိုးကို ဒါလင်ဂါက သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းသည် တူးလော့စ်အသင်းဘက်သို့ ဂိုးကန်သွင်းချက် အကြိမ် ၂၀ တွင် ဂိုးပေါက်တည့်မတ်မှု ကိုးကြိမ်ကို ငါးကြိမ်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်သည်။ ပြိုင်ဘက် တူးလော့စ်အသင်းက လီဗာပူး အသင်းဘက်သို့ ဂိုးကန်သွင်းချက် ကိုးကြိမ်သာရှိခဲ့ပြီး သုံးကြိမ်ဂိုးပေါက် တည့်မတ်မှုရှိခဲ့သည်။

ယခုပွဲရှုံးနိမ့်မှုကြောင့် တူးလော့စ်အသင်းသည် နောက်တစ်ဆင့်တက်ရေးအတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည် ဖြစ်သည်။

### လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိ

ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) မှ နယ်သာလန်ကလပ် အေဇက်အယ်ခမာနှင့် အက်စ်တွန်ဗီလာအသင်းပွဲစဉ်ကို အောက်တိုဘာ ၂၆ ရက် ည ၁၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ အက်စ်တွန်ဗီလာအသင်းက လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်ကို အယ်ခမာအသင်းအိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၁၆၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ အယ်မမာအသင်းသည် ဗီလာအသင်းကို ဂိုးကန်သွင်းမှုအသာဖြင့် ပွဲချိန်တစ်လျှောက် ဖိအားပေးတိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း အသင်းတိုက်စစ်ပိုင်း အဆုံးသတ်ပိုင်း လိုအပ်ချက်များစွာ ရှိနေသည့်အတွက် ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ဗီလာအသင်းအတွက် သွင်းဂိုးများကို ဘယ်လီ၊ တိုင်လီမန်းစ်၊ ဝက္ကင်နှင့်မက်ဂင်တို့က သွင်းယူပေးနိုင်ခဲ့သည်။ အယ်ခမာအသင်းအတွက် ချေပဂိုးကို ဆာဒစ်က သွင်းယူပေးနိုင်ခဲ့သည်။ **အောင်ဇော်**

---

❊ *ကျော့ဖုံးမှ*

အမှတ်ပေးဇယားကို စပါးအသင်းက ရမှတ် ၂၃ မှတ်နဲ့ ဦးဆောင်ထားပါတယ်။



**ချယ်ဆီးနဲ့ ဘရန့်ဖို့ဒ်**

စနေနေ့ည ၆ နာရီမှာ ချယ်ဆီးနဲ့ ဘရန့်ဖို့ဒ်အသင်းပွဲစဉ်ကို စတင်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ချယ်ဆီးအသင်းရဲ့ ခြေစွမ်းတက်လာတယ်ဆိုပေမယ့်မာကျောကျစ်လျစ်မှုမရှိသေးဘူး။ ပြိုင်ဘက် ဘရန့်ဖို့ဒ်ကလည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင် ထားနိုင်တာကြောင့် ခြေစွမ်းတည်ငြိမ်မှုရှိဘူး။ နှစ်သင်းကြား ရမှတ်ကွာဟမှုကလည်း နှစ်မှတ်သာရှိတာကြောင့် တိုက်စစ်ပိုင်း အဆုံးသတ်ပိုင်း သေချာတဲ့အသင်း နိုင်ပွဲရရှိသွားဖွယ်ရှိတယ်။

**ဘုန်းမောက်နဲ့ ဘန်လေ**

တန်းဆင်းဇုန်အသင်း အချင်းချင်း တွေ့ဆုံတဲ့ ပွဲစဉ်ဖြစ်တာကြောင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာ သေချာပါတယ်။ နှစ်သင်းကြား ရမှတ်ကွာဟမှုကလည်း တစ်မှတ်သာရှိတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။ ဘန်လေအသင်းက ဘုန်းမောက်အသင်းထက် အသင်းစွမ်းဆောင်ရည်ပိုင်း ထက်မြက်မှုရှိတယ်လို့ဆိုနိုင်ပေမယ့် ပြိုင်ဘက်အသင်း တရစပ် ဖိအားပေးတိုက်စစ်ဆင်လာတဲ့အခါ ပုံစံကောင်း ပျောက်ဆုံးသွားတတ်တယ်။ ဒါကြောင့် ဘုန်းမောက်အသင်း ရှန်းအားကို ကြည့်ရမယ်။ အဆိုပါ ပွဲစဉ်ကို ည ၈ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

**အာဆင်နယ်နဲ့ ရှက်ဖီးလ်**

အမှတ်ပေးဇယားဦးဆောင်ဖို့ ကြိုးစားလာမယ့် အာဆင်နယ်အသင်းကို ဒီရာသီပထမဆုံးလိဂ်နိုင်ပွဲရှာတွေ့ဖို့ ကြိုးစားလာမယ့် ရှက်ဖီးလ်အသင်း ဟန့်တားဖို့ ခက်မယ်။ ဒါ့အပြင် အာဆင်နယ်က ဒီရာသီမှာ တိုက်စစ်၊ ခံစစ် အကောင်းဆုံးအသင်းထဲမှာ ပါပြီး ရှက်ဖီးလ်က တိုက်စစ်၊ ခံစစ်အဆိုးရွားဆုံးအသင်းထဲမှာ ပါဝင်နေတာကြောင့်လည်း အာဆင်နယ်ကို ကျော်ဖြတ်ဖို့ မလွယ်ကူတဲ့ အခြေအနေမှာရှိနေတာ ဖြစ်ပါတယ်။ ရှက်ဖီးလ်အနေနဲ့ အမြင့်ဆုံးသရေသာ ရဖွယ်ရှိတယ်။ ဒီပွဲစဉ်ကိုလည်း ည ၈ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

**ဝုဖ်နဲ့ နယူးကာဆယ်**

စနေနေ့ ည ၁၁ နာရီမှာတော့ ကစားရခက်တဲ့ ဝုဖ်နဲ့ ပုံစံကောင်း ရရှိနေတဲ့ နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းက ဒီရာသီပရီမီယာလိဂ်မှာ လက်ရှိအချိန်အထိ သွင်းဂိုး ၂၄ ဂိုးနဲ့ တိုက်စစ် အထက်မြက်ဆုံးအသင်းအဖြစ် ရပ်တည်နေတယ်။ ဝုဖ်အသင်းရဲ့ ခြေစွမ်းက သာမန်သာရှိတယ်ဆိုပေမယ့် နယူးကာဆယ်အသင်း အဆုံးသတ်ပိုင်း အားနည်းပြီး သာမန်အောက် ခြေစွမ်းကျဆင်းခဲ့ရင် ပေးဆပ်မှု ကြီးမားသွားနိုင်တယ်။

**အက်စ်တွန်ဗီလာနဲ့ လူတန်**

ဒီပွဲစဉ်ကို တနင်္ဂနွေနေ့ ည ၈ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာပါ။ နှစ်သင်းကြားခြေစွမ်းကွာဟမှုကြီးကြီးမားမားရှိပြီး အက်စ်တွန်ဗီလာအသင်းက လူတန်အသင်းထက် ဘက်စုံထောင့်စုံမှာ သာလွန်မှုရှိတယ်။ ဒါပေမယ့် နောက်ဆုံး နှစ်ကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာတော့ လူတန်အသင်းက ဂိုးပြတ်အနိုင်ရထားတယ်။

**မန်ယူနဲ့ မန်စီးတီး**

မန်ယူနဲ့ မန်စီးတီးအသင်းပွဲစဉ်က ယခုတစ်ပတ်မှာ အကောင်းဆုံး ပွဲစဉ်အဖြစ် ရှိနေတယ်။ ဒီနှစ်သင်းကြားမှာတော့ ခြေစွမ်းအရရော၊ ရမှတ်ကွာဟမှုအရရော၊ အသင်း စွမ်းဆောင်ရည်ပိုင်းအရရော ကြီးကြီးမားမားရှိတယ်။ မန်ယူအသင်းက သွင်းဂိုးတစ်ဂိုးရဖို့ ခက်ခက်ခဲခဲ ရုန်းကန်ရလေ့ရှိပြီး ပြိုင်ဘက်ရဲ့ သွင်းဂိုးတွေကိုတော့ ခံစစ်နဲ့ ဂိုးသမားတို့ အမှားမှတစ်ဆင့် လွယ်လွယ်ကူကူပေးနေရတာ တွေ့ရတယ်။ ဒါကြောင့် မန်ယူအသင်းအနေနဲ့ အဲဒီချို့ယွင်းချက်၊ အားနည်းချက်တွေကို ဒီပွဲစဉ်မှာ အချိန်မီ မပြင်ဆင်နိုင်ခဲ့ရင် ရှုံးပွဲ ကြုံတွေ့သွားဖွယ်ရှိတယ်။ ဒီပွဲစဉ်ကို တနင်္ဂနွေနေ့ ည ၁၀ နာရီမှာ ယှဉ်ပြိုင်ကစားသွားမှာပါ။

**မိုးဇက်**

# Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီး အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၇** နိုင်ငံတော်အစိုးရက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများပြုလုပ်နိုင်ရန် ရန်ကုန်မြို့တွင် အခြေပြု၍ ပြည်ပနိုင်ငံသားများ၏ အချက်အလက်များ ရှာဖွေစုဆောင်းကာ တစ်ဖက်လိမ်လည်သူများထံသို့ ပေးပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။


ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဦးချစ်မောင်လမ်း၊ ဦးချစ်မောင်အိမ်ရာ၊ တိုက်အမှတ်(S-19) တွင် ရုံးခန်းဖွင့်လှစ်ထားသည့် Supportfix Co.,Ltd အား သတင်းအရ လုံခြုံရေးအဖွဲ့အစည်းများက ဝင်ရောက် စီးနင်းရှာဖွေခဲ့ရာ ဇူကျန်း(ခ) လောက်ဖ၊ ၃၄ နှစ်၊ (ဘ) ဦးလောက်ရှီး အပါအဝင် တရားခံ ကျား ၆၆ ဦး၊ မ ၂၂ ဦး၊ စုစုပေါင်း ၈၈ ဦးတို့ကို ပြည်ပနိုင်ငံသားများ၏ အချက်အလက်များစုဆောင်း၍ငွေကြေးလိမ်လည်နိုင်ရေး ဆောင်ရွက်ရာတွင်အသုံးပြုသည့် ကွန်ပျူတာ၊ မိုဘိုင်းဖုန်းစသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တရားခံဇူကျန်း(ခ)လောက်ဖ၏ ထွက်ဆိုချက်အရ အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် လှိုင်မြစ်လမ်းရှိ Spring Line ကွန်ဒို၊ (၅)လွှာ၊ အခန်း(၅၀၁) သို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ ကျန်းယွို၊ (၃၀)နှစ်၊ (ဘ) ကျော်ရုံရှန်းအပါအဝင် ကျားငါးဦး၊ မနှစ်ဦး၊ စုစုပေါင်း ခုနစ်ဦးတို့ကို ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။


ဖော်ထုတ် ရရှိချက်များအရ Supportfix Co.,Ltd အတွက် ဝန်ထမ်းများရှာဖွေပေးသူ ကမာရွတ်မြို့နယ် နာနတ်တောလမ်း၊ Dimond Condo(၇)လွှာနေZhan Tu Co.,Ltd ပိုင်ရှင် ရန်လုံရှင်းအား သွားရောက်ရှာဖွေခဲ့ရာ ထွက်ပြေး တိမ်းရှောင်သွားခဲ့သဖြင့် ရုံးခန်းဖွင့်လှစ်ထားသည့် ကမာရွတ်မြို့နယ် Time City Office Tower(3)၊(၁၅)လွှာ၊အခန်းအမှတ်(၁၅၀၂)အား ဆက်လက်ရှာဖွေ ချိပ်ပိတ်သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။

စိစစ်ဖော်ထုတ်ချက်များအရ အဆိုပါအဖွဲ့များအနေဖြင့် ပြည်ပနိုင်ငံသားများထံမှ ငွေကြေးများ

*စာမျက်နှာ ၁၅ သို့*








Supportfix Co.,Ltd ရုံးခန်းမှ သိမ်းဆည်းရမိသည့် ကွန်ပျူတာ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



Team (A) တွင်ပါဝင်သော ဝန်ထမ်း(၁၂)ဦး။

Spring Line ကွန်ဒိုမှ သိမ်းဆည်းရမိသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



Spring Line ကွန်ဒိုမှ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်နှင့် လက်ကိုင်ဖုန်းများ မှတ်တမ်းဓာတ်ပုံ။



Team (B) တွင်ပါဝင်သော ဝန်ထမ်း(၁၁)ဦး။



Team (C) တွင်ပါဝင်သော ဝန်ထမ်း(၁၃)ဦး။



Team (D) တွင်ပါဝင်သော ဝန်ထမ်း(၁၁)ဦး။



Team (E) တွင်ပါဝင်သော ဝန်ထမ်း(၁၁)ဦး။

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇** ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက် အဖွင့်အမှာစကား ပြောကြားပြီး သီတင်းကျွတ် ဈေးရောင်းပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)ဦးဗိုလ်ဌေး၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ စက်မှုဇုန်များမှ ဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ ဖွင့်ပွဲအထိမ်းအမှတ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက ထာဝရသစ္စာ တေးသီချင်းဖြင့်လည်းကောင်း၊ ဘင်ခရာအဖွဲ့များကလည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဖျော်ဖြေတင်ဆက်ကြသော အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဈေးဆိုင်ခန်းများတွင် ဈေးရောင်းချနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယခုကျင်းပသည့် သီတင်းကျွတ် ဈေးရောင်းပွဲတော်တွင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို ဆိုင်ခန်းပေါင်း ၅၀၀ ခန့် ပြသရောင်းချမည်ဖြစ်သည်။ ပွဲတော်ရက်များအတွင်း နေ့စဉ် E-Sport Game ပြိုင်ပွဲများ၊ စတုဒိသာ ကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားသော အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ဆပ်ကပ်၊ မျက်လှည့်၊ DJ၊ Dancer များ၏ ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှု ခံစားနိုင်ကြမည်ဖြစ်ပြီး ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက် အခြေခံစားကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကာ ပွဲတော်လာ ပြည်သူများ သွားရေး လာရေး လွယ်ကူစေရန် အကြို/အပို့ ယာဉ်များ စီစဉ်ထားကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



✳ *ကျောဖုံးမှ*

ယနေ့ပြပွဲတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အုပ်စု (C) မှ ကျောက်စိမ်းအသားကျောက် ၁၀၀၀ ကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်းရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၉၉၉ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ထို့နောက် ပြပွဲနောက်ဆုံးနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအသားကျောက် ၇၉၂ တွဲကို ပြည်တွင်းရတနာ ကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယင်းကျောက်စိမ်းအတွဲပေါင်း ၇၉၂ တွဲ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပုလဲအတွဲ ၃၀၀ နှင့် ကျောက်မျက်အတွဲ ၇၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဈေးနှုန်းပိုမိုစွာဖြင့် ရောင်းချနိုင်ခဲ့သည်။ ထို့ပြင် ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ကျောက်စိမ်းအတွဲ ၇၀၂ တွဲကို လည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ကျောက်စိမ်းအတွဲ ၆၀၁ တွဲကိုလည်းကောင်း၊ ပြပွဲသတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၃ အနက် ကျောက်စိမ်းအတွဲပေါင်း ၆၂၃ တွဲနှင့် ပြပွဲအဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၉၉၉ တွဲကို ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲပေါင်း ၇၉၂ တွဲကို ပြပွဲနောက်ဆုံးနေ့ဖြစ်သည့် အောက်တိုဘာ ၂၈ ရက်တွင် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၄ မှ*

လိမ်လည် ရယူနိုင်ရန်အတွက် ပစ်မှတ်များ ရှာဖွေစုဆောင်းခြင်း၊ ရရှိသည့် ပစ်မှတ်များ၏ ကိုယ်ရေးအချက်အလက်များ ရယူရန်အတွက် ဝန်ထမ်းများအား အဖွဲ့တစ်ဖွဲ့လျှင် ၁၀ ဦးစီခန့်ဖြင့် အဖွဲ့ငယ် ၈ ဖွဲ့ ဖွဲ့စည်းထားရှိပြီး WhatsApp လူမှုကွန်ရက်မှတစ်ဆင့် ပစ်မှတ်များထံ ဆက်သွယ်၍ အချက်အလက်များ ရယူလေ့ရှိကြောင်း၊ ရရှိသည့်အချက်အလက်များအား စုဆောင်း၍ ငွေကြေးလိမ်လည်မည့် အခြားအဖွဲ့များသို့ ပြန်လည် ရောင်းချခြင်းများ ပြုလုပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

ထိုကဲ့သို့ Online လူမှုကွန်ရက်မှတစ်ဆင့် ပြည်ပနိုင်ငံသားများထံမှ ငွေကြေးလိမ်လည်မှုပြုလုပ်နေသူ ဖမ်းဆီးရမိတရားခံ ၉၅ ဦးအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း အထက်ပါကဲ့သို့ငွေကြေးလိမ်လည်နေသည့် အဖွဲ့အစည်းများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများထံ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



Team Arfu တွင် ပါဝင်သော ဝန်ထမ်း(၅)ဦး။



Team (F) တွင်ပါဝင်သော ဝန်ထမ်း(၉)ဦး။



Team Training တွင် ပါဝင်သော ဝန်ထမ်း(၅)ဦး။



ဖမ်းဆီးရမိတရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



ရုံးအဖွဲ့ဝန်ထမ်း(၅)ဦး။

# လူငယ်များဗလငါးတန်ပြည့်ဝဖို့ လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်စို့

မောင်လူအေး(ရေစကြို)

**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးတက်ဆန်းသစ်သည့်အတွေးအခေါ်ရှိသော၊ နုပျိုတက်ကြွ၍ အားမာန်အပြည့်ရှိသော၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ မရှိမဖြစ်လိုအပ်ပါသည်။ လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို လွှဲပြောင်း တာဝန်ယူကြရမည်ဖြစ်ပြီး အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါသည်။**



လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး ရည်ရွယ်လျက် ယခုနှစ်ဆန်းက နေပြည်တော်၌ကျင်းပခဲ့သော အခြေခံပညာ ကျောင်းသားအားကစားပွဲတော်မှ ဘော်လီဘောပြိုင်ပွဲတစ်ပွဲ ယှဉ်ပြိုင်မှု။

### လူငယ်တို့၏ ဂုဏ်အင်္ဂါရပ်များ

လူငယ်တို့၏ တန်ဖိုးမဖြတ်နိုင်သော ဂုဏ်အင်္ဂါရပ်များမှာ လျင်မြန်ခြင်း၊ ခွန်အားရှိခြင်း၊ ရဲရင့်ခြင်း၊ ဖန်တီးနိုင်ခြင်း၊ စွမ်းဆောင်နိုင်ခြင်း၊ ရိုးဖြောင့်ခြင်း၊ အမှန်တရားကို မြတ်နိုးတန်ဖိုးထားခြင်းနှင့် အများအကျိုးကိုဆောင်ရွက်လိုစိတ်ရှိခြင်းများဖြစ်သည်။ သို့ဖြစ်ရာ တာဝန်ရှိသူ လူကြီးများအနေဖြင့် လူငယ်များ၏ စွမ်းဆောင်နိုင်မှုအပေါ် အသိအမှတ်ပြု၍ သဘောထားကြီးစွာ လက်တွဲခေါ်ဆောင်နိုင်ရမည်ဖြစ်သည်။ ပြုစုပျိုးထောင်ပေးရမည် ဖြစ်သည်။ လမ်းညွှန်ပြသပေးရန် တာဝန်ရှိပါသည်။ လူငယ်များ၏ နှလုံးသားတွင် ကိန်းအောင်းနေသော တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံနှင့် လူမျိုးအပေါ် ချစ်မြတ်နိုးသောစိတ်၊ နိုင်ငံ့သားကောင်းစိတ်ဓာတ်များကို အားပေးအားမြှောက်ပြုရမည်ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်(၃)ရပ်အနက် တစ်ရပ်တွင် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"**ဟု ချမှတ်ထားရှိကာ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၉ ခုနှစ်ကြားဖြတ် လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော် (လူဦးရေ ၁၆ ဒသမ ၈ သန်း) သည် အသက် ၁၅ နှစ်မှ ၃၄ နှစ်အထိ လူငယ်များဖြစ်ကြောင်း သိရှိရပါသည်။ အာဆီယံဒေသအတွင်းတွင်လည်း လူဦးရေစုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းနီးပါးသည် အသက် ၁၅ နှစ် မှ ၃၅ နှစ်အတွင်းရှိ လူငယ်များဖြစ်ကြပြီး အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် ထိုင်းနိုင်ငံတွင် လူငယ်ဦးရေ ၁၉ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံတွင် ၂၄ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၃၃ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။ မိမိတို့မြန်မာနိုင်ငံသည်လည်း အခြားဒေသတွင်းနိုင်ငံများနည်းတူ တန်ဖိုးမဖြတ်နိုင်သော၊ အလားအလာကောင်းများနှင့်ပြည့်ဝနေသော လူ့စွမ်းအားအရင်းအမြစ်များကို ပိုင်ဆိုင်ထားခြင်းဖြစ်ရာ နိုင်ငံတော် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ၎င်းလူငယ်လူရွယ်များ၏ အပြည့်အဝပူးပေါင်းပါဝင်မှုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်ပါသည်။

### မြန်မာ့သမိုင်းမှ လူငယ်များ

ခေတ်အဆက်ဆက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေအနုပညာ၊ ယဉ်ကျေးမှု စသည့် နယ်ပယ်အသီးသီးတွင် ဦးဆောင်ဦးရွက်ပြုခဲ့သည့် လူငယ်များ မြန်မာ့သမိုင်းတွင် အမြောက်အမြားရှိခဲ့သည်။ အင်းဝခေတ်တွင် မြန်မာစာပေ တစ်ခေတ်ဆန်းသစ်ကာ စာပေလမ်းသစ်ဖောက်ခဲ့သည့် ရှင်မဟာရဋ္ဌသာရသည် အသက် ၁၆ နှစ်အရွယ်တွင် ငါးရာ့ငါးဆယ် နိပါတ်တော်လာ ဘူရိဒတ်ဇာတ်တော်ကြီးကို ဘူရိဒတ်လင်္ကာကြီးဟူသော အမည်ဖြင့် ပိုဒ်ရေ ၄၄၅ ပိုဒ် ပါရှိသည့် ပျို့လင်္ကာကြီးတစ်စောင်ကို သီကုံးဖွဲ့ဆိုနိုင်ခဲ့သည်။

မြန်မာစာပေလောကတွင် အဆင့်အတန်းမြင့်မားသော စာပေအဖွဲ့ဖြစ်သည့် ပျို့လင်္ကာ ကဗျာအဖွဲ့ကို ရေးဖွဲ့ကာ စာပေလမ်းသစ်ဖောက်ခဲ့သည့် ရှင်မဟာရဋ္ဌသာရသည် ထိုစဉ်က လူငယ်အရွယ်ရဟန်းပျိုတစ်ပါးဖြစ်သည်။ စာဆိုတော် ရှင်မဟာရဋ္ဌသာရ (၅၅၅)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မကြာသေးမီက နေပြည်တော်တွင် နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ကျင်းပပြုလုပ်ကာ ဂုဏ်ပြုခဲ့ကြပါသည်။

တောင်ငူခေတ်တွင် ထင်ရှားခဲ့သော ရတုဘုရင်နတ်ရှင်နောင်၊ ကုန်းဘောင်ခေတ်တွင် ထင်ရှားသည့် စာဆို စိန္တကျော်သူဦးဩ၊ လှိုင်ထိပ်ခေါင်တင်တို့သည် လူငယ်လူရွယ်များဖြစ်ကြပါသည်။ အလားတူ ကိုလိုနီခေတ်တွင် ခေတ်စမ်းစာပေလှုပ်ရှားမှုကို ဦးဆောင်ခဲ့သော စာဆိုများဖြစ်သည့် သိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့သည် လူငယ်များဖြစ်သည်။ မြန်မာအမျိုးသားထဲမှရန်ကုန်တက္ကသိုလ်တွင် ပါမောက္ခရာထူး ပထမဆုံးရရှိသည့် ဆရာကြီးဦးဖေမောင်တင်မှာ ထိုစဉ်က အသက် ၂၄ နှစ်အရွယ်လူငယ်တစ်ဦးဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သည့် သခင်ဘသောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဗိုလ်အောင်ကျော်၊ သခင်ဘဟိန်း၊ သိန်းဖေမြင့်နှင့် ရဲဘော်သုံးကျိပ်ဝင်များမှာ လူငယ်များသာဖြစ်ကြပါသည်။ ကိုလိုနီခေတ်မှသည် မျက်မှောက်ခေတ်အထိ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကို အစဉ်တစိုက် သယ်ပိုးဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်

**ဆရာဇော်ဂျီ၏ "အိုတက်လူတို့" ကဗျာတွင် "ယနေ့လူငယ် နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး သားထူးသားမြတ်၊ ဖြစ်အပ်ရာသည် ရှေ့သို့ရည်၍"ဟု ရေးဖွဲ့ထားသကဲ့သို့ ယနေ့ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် လူငယ်များအနေဖြင့် နောင်တစ်ချိန်တွင် ကြီးမားသောနိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြသည့်အခါ ထူးချွန်ထက်မြက်သော လူကြီးလူကောင်းများဖြစ်အောင် ယခုကတည်းက အားထုတ်ရမည်ဖြစ်**

များတွင် လူငယ်များ အများအပြား ပါဝင်နေသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။

မြန်မာလူငယ်များသည် သမိုင်းတစ်လျှောက် နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားအတွက် ၎င်းတို့အစွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တာဝန်ကျေပွန်ခဲ့ကြသည်။ နိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်လိုသော စိတ်ဓာတ်သည် အဆင့်မြင့်သော၊ နိုင်ငံကြီးသားပီသသော၊ မွန်မြတ်သော၊ ကိုယ်ကျင့်တရားကောင်းမွန်သောစိတ်ဓာတ် ဖြစ်ပါသည်။ ဆရာဇော်ဂျီ၏ **"အိုတက်လူတို့"** ကဗျာတွင် **"ယနေ့လူငယ် နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး သားထူးသားမြတ်၊ ဖြစ်အပ်ရာသည် ရှေ့သို့ရည်၍"** ဟု ရေးဖွဲ့ထားသကဲ့သို့ ယနေ့ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် လူငယ်များအနေဖြင့် နောင်တစ်ချိန်တွင် ကြီးမားသော နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြသည့်အခါ ထူးချွန်ထက်မြက်သော လူကြီးလူကောင်းများဖြစ်အောင် ယခုကတည်းက အားထုတ်ရမည်ဖြစ်သည်။

လူကြီးတိုင်း လူငယ်ဘဝကို ဖြတ်သန်းခဲ့ရမြဲဖြစ်ရာ ယနေ့နယ်ပယ်အသီးသီးတွင် အောင်မြင်ကျော်ကြားနေသော လူကြီးများသည် လူငယ်ဘဝက ကြိုးစားအားထုတ်ခဲ့ကြသူများ ဖြစ်ကြသည်။ သို့ဖြစ်ရာ လူငယ်ဘဝမှ လူကြီးဘဝသို့ လျှောက်လှမ်းရသည့် အချိန်ကာလအတွင်း အပတ်တကုတ်ကြိုးစားအားထုတ်မှုပြုမှသာ သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် အများက လေးစားအားထားရသည့် အရည်အသွေးပြည့်ဝသော၊ အောင်မြင်မှုရရှိသော လူကြီးလူကောင်းများ ဖြစ်လာကြပေမည်။

### အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင်

အနာဂတ်နိုင်ငံတော်ကို လူငယ်များကသာ ဦးဆောင်ရမည်ဖြစ်သည်။ လူငယ်များသည် လူကြီးများထက်ပို၍ လွတ်လပ်စွာတွေးခေါ်နိုင်စွမ်း ရှိကြပါသည်။ တိုင်းပြည်အနာဂတ်ကို တည်ဆောက်ရာတွင် လုပ်ရည်ကိုင်ရည်ရှိသော၊ လုပ်ကိုင်နိုင်စွမ်းရှိသော၊ တွေးခေါ်နိုင်စွမ်းရှိသော မျိုးဆက်သစ်လူငယ်များဖြင့်သာ ဖန်တီးပုံဖော်နိုင်မည်ဖြစ်သည်။ သို့သော် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကြီးကို နေ့ချင်းညချင်း တည်ဆောက်ယူ၍ မရနိုင်ပါ။ အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် ဦးဆောင်နိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင် လူငယ်များ မွေးထုတ်ပေးရမည်ဖြစ်သည်။ ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ကာလတွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

လူငယ်များတွင် တိုးတက်သည့်အမြင်၊ ပြုပြင်ပြောင်းလဲချင်သည့်အမြင်များ ရှိကြသည်ကို လူကြီးများက သဘောပေါက်နားလည်ရမည်ဖြစ်သည်။ သဘောထားကြီးစွာဖြင့် လက်တွဲခေါ်ဆောင်နိုင်ရမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် မျိုးဆက်သစ်လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍကို လျစ်လျူရှု ချန်လုပ်ထားခြင်းမရှိဘဲ အပြည့်အဝ ပူးပေါင်းပါဝင်နိုင်ရေး အဘက်ဘက်မှ မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ နိုင်ငံတော်အတွက် စိတ်ကောင်းစေတနာကောင်းဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးလိုသည့် လူငယ်များကို စနစ်တကျစုစည်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ယုံကြည်စွာ တာဝန်ပေးအပ်ရမည်ဖြစ်သည်။ မွန်မြတ်ကောင်းမွန်သောစိတ်ထားရှိသည့် လူငယ်ထုအင်အားများပြားလာခြင်းဖြင့် တိုင်းပြည်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။ လူငယ်များအနေဖြင့်လည်း စိတ်ကောင်းစေတနာကောင်းဖြင့် နိုင်ငံနှင့် လူမျိုးအကျိုးကို အစဉ်တစိုက် သယ်ပိုးဆောင်ရွက်ခြင်းဖြင့် လူငယ်တို့၏ ယဉ်ကျေးသော၊ အဆင့်မြင့်သော စိတ်ဓာတ်ကို လက်ဆင့်ကမ်း ထိန်းသိမ်းရမည်ဖြစ်သည်။

### စာသင်ကျောင်းများမှ စတင်ရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ ပုဒ်မ (၃၃)တွင် **"နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်"**ဟု ဖော်ပြပါရှိပါသည်။ လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စာသင်ကျောင်းများမှ စတင်ရမည်ဖြစ်ပါသည်။

အသက် သုံးနှစ်မှ ငါးနှစ်အထိ မူကြိုအရွယ်တွင် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ငါးရပ်ဖြစ်သည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အပြည့်အဝရရှိအောင် မူလတန်းကြိုကျောင်းများက လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်မှုအတွက် မျိုးစေ့ချပေးနိုင်မည်ဖြစ်ပါသည်။ ဆက်လက်၍ အခြေခံပညာကျောင်းများတွင် ကျောင်းသင်ခန်းစာများမှတစ်ဆင့် လေ့ကျင့်သင်ကြားပေးခြင်း၊ လူငယ်အချင်းချင်း ပညာပေးခြင်း၊ လူမှုကွန်ရက်နှင့် ဆိုရှယ်မီဒီယာများမှတစ်ဆင့် အသိပညာပေးခြင်းနှင့် အနုပညာရှင်၊ ထင်ပေါ်ကျော်ကြားသူ(Social Influencer)များအား ဖိတ်ခေါ်၍ ပညာပေးစေခြင်း စသည့် နည်းလမ်းပေါင်းများစွာဖြင့် ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်ဖြစ်သည်။

အနာဂတ်နယ်ပယ်အသီးသီးတွင် ဦးဆောင်ဦးရွက်ပြုမည့် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး တိုးတက်မြင့်မားစေရန်၊ စွမ်းဆောင်ရည် ပြည့်ဝလာစေရန်၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသူများ ဖြစ်လာစေရန်၊ အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရန် စာသင်ကျောင်းများမှာ ကတည်းက အခြေခံကျကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရမည်ဖြစ်သည်။

ကျောင်းသားလူငယ်အရွယ်မှ စတင်၍ ကျန်းမာကြံ့ခိုင်ရေးအတွက် ပညာသင်ယူခြင်းနှင့်အတူ အခြေခံအားကစားနည်းတစ်မျိုးမျိုးကို လေ့လာလိုက်စားစေခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်သောလူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ရာ အခြေခံပညာကျောင်းများမှ စတင်၍ ပညာရေး၊ အားကစားနှင့် ကာယပညာ ပေါင်းစပ်သင်ကြားမှုကို ပြန်လည်မျိုးစေ့ချပေးရမည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ကာယပညာသင်ချိန်များတွင် ကာယလေ့ကျင့်ခန်းများ လေ့ကျင့်ခြင်းကို ပြန်လည်အသက်သွင်းရမည်ဖြစ်သည်။ စိတ်ဓာတ်အရည်အသွေး ဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်ပေးသော ပန်းချီ၊ ဂီတ၊ ကာယပညာတို့ကို အခြေခံပညာကျောင်းများတွင် ပြန်လည်သင်ကြားပေးရမည်ဖြစ်သည်။

**နှလုံးသားအာဟာရ ဖွံ့ဖြိုးစေရေး**

ဦးနှောက်အာဟာရ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတပညာရပ်များကို လေ့ကျင့် သင်ကြားပေးရုံသာမက စိတ်(နှလုံးသား)အာဟာရ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူ့နီတိနှင့် စာရိတ္တဘာသာရပ်များကိုလည်း ဟန်ချက်ညီအောင် သင်ကြားပေးရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ ယဉ်ကျေးမှု အဆင့်အတန်းသည် လူငယ်များ၏ အကျင့်စာရိတ္တနှင့် စိတ်ပိုင်းဆိုင်ရာအမြင်များဖြင့် ကိုယ်စားပြုဖော်ပြခြင်းဖြစ်ရာ မျိုးဆက်သစ်လူငယ်များ အကျင့်စာရိတ္တမြင့်မားရေး၊ ကောင်းမွန်သည့် လူမှုကျင့်ဝတ်များကို ထိန်းသိမ်းမြှင့်တင်ရေး အလေးထား ဆောင်ရွက်သွားရမည်ဖြစ်သည်။ ရပိုင်ခွင့် အခွင့်အရေးနှင့် ဆောင်ရွက်ရမည့် တာဝန်များကို ကွဲပြားအောင် ငယ်စဉ်ကတည်းက လေ့ကျင့်ပေးရမည်ဖြစ်သည်။ မိမိကျောင်း၊ မိမိအဖွဲ့အစည်း၊ မိမိရပ်ရွာ ကောင်းရာကောင်းကျိုး ဆောင်ရွက်လိုသည့်စိတ်များကို ကျောင်းသားလူငယ်များ၏ နှလုံးသားတွင် ရင်းနှီးမြှုပ်နှံပေးရပါမည်။

**“စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”** ဟူသော ဆောင်ပုဒ်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်မှသာလျှင် လူကောင်းတစ်ဦးဟု သတ်မှတ်နိုင်မည်ဖြစ်ပြီး ပညာထူးချွန်၍ စွမ်းဆောင်ရည်ပြည့်ဝမှသာ လူတော်ဟု သတ်မှတ်နိုင်မည်ဖြစ်ရာ ကိုယ့်ကျင့်တရား၊ စာရိတ္တ ကောင်းမွန်ပြီး ပညာထူးချွန်သော လူကောင်းလူတော်များဖြစ်အောင် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်ကို စနစ်တကျ သင်ကြားပို့ချပေးခြင်းအားဖြင့် ကိုယ်ကျင့်တရားကောင်းမွန်လာစေခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ နိုင်ငံကြီးသားပီသခြင်း၊ လူ့ကျင့်ဝတ်လူ့တန်ဖိုးကို အလေးထား၍ စိတ်ဓာတ်စည်းကမ်းကောင်းမွန်လာခြင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေခြင်း၊ အများအကျိုးဆောင်ရွက်လိုသည့် ပရဟိတစိတ်များ ဖွံ့ဖြိုးလာခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းစသည့် အခြေခံအလေ့အကျင့်ကောင်းများ ရရှိစေပြီး လူငယ်ဘဝ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

အခြေခံပညာအဆင့်တွင် Creative Thinking အားကောင်းလာစေရန်၊ တက္ကသိုလ် ဘွဲ့ကြိုတန်းတွင် Critical Thinking အားကောင်းလာစေရန်နှင့် ဘွဲ့လွန်တန်းတွင် Strategic Thinking အားကောင်းလာစေရန် လေ့ကျင့်သင်ကြားပေးသင့်ကြောင်း နိုင်ငံကျော် စာရေးဆရာကြီးတစ်ဦး၏ ဟောပြောပို့ချမှုကို နားထောင်မှတ်သားဖူးသည်ဖြစ်ရာ လက်တွေ့ အကောင်အထည်ဖော်နိုင်ပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိစေမည်ဖြစ်သည်။

**လူငယ်တို့၏သဘောသဘာဝ**

လူငယ်တို့၏သဘောသဘာဝမှာ သက်ရွယ်တူအပေါင်းအသင်းများကို အလေးထားသည်ဖြစ်ရာ ဝါသနာတူလူငယ်များ စုဝေးပြီး အဖွဲ့လိုက် လှုပ်ရှားဆောင်ရွက်မှုများကို ငယ်စဉ်ကတည်းက လေ့ကျင့်ပေးရပါမည်။ တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်သည်ထက် အဖွဲ့အစည်းစိတ်ဓာတ်၊ အဖွဲ့အစည်းဖြင့် လှုပ်ရှားဆောင်ရွက်မှုများကို အားပေးရမည်ဖြစ်သည်။ ကျောင်းသားအရွယ်ကတည်းက ပူးပေါင်းဆောင်ရွက်တတ်ရန်၊ သူငယ်ချင်း အပေါင်းအသင်းများနှင့် သဟဇာတဖြစ်အောင် နေထိုင်တတ်ရန်၊ အခက်အခဲ စိန်ခေါ်မှုပြဿနာများကို ပူးပေါင်းဖြေရှင်းတတ်စေရန်၊ စေတနာ့ဝန်ထမ်းနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်တတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။

လူရည်ချွန်လူငယ်၊ ကင်းထောက်လူငယ်၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကြက်ခြေနီလူငယ်စသည့် လူငယ်အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ လူငယ်များ၏ စေတနာ့ဝန်ထမ်းနှင့် ပရဟိတစိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်သွားရမည်ဖြစ်သည်။ ဝါသနာတူလူငယ်များ စုဖွဲ့ထားသည့် ဘာသာရေး၊ လူမှုရေး၊ စာပေ၊ ယဉ်ကျေးမှု၊ အားကစားနှင့် ပရဟိတအဖွဲ့အစည်းများ မြန်မာနိုင်ငံတစ်နံတစ်လျား အားကောင်းလာစေရေး ချီးမြှင့်အားပေးရမည်ဖြစ်သည်။

**အသင်းအဖွဲ့ဖြင့် ဆောင်ရွက်တတ်စေရန်**

အခြေခံပညာကျောင်းများ၊ တက္ကသိုလ်/ ဒီဂရီကောလိပ်များ အချင်းချင်းကြား အပြန်အလှန်လေ့လာရေးအစီအစဉ်များ၊ လူမှုရေးလုပ်ငန်းများ၊ ကျပန်းစကားပြောပွဲများ၊ စကားရည်လုပွဲများ၊ အားကစားပြိုင်ပွဲများ၊ လူငယ်စကားဝိုင်းများ၊ Talk Show များ၊ ဆိုကရေးတီးပြိုင်ပွဲများ၊ စာပေအနုပညာပြပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးခြင်းဖြင့် လူငယ်များအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်ဓာတ်၊ မျှဝေတာဝန်ယူသည့်စိတ်ဓာတ်၊ မတူကွဲပြားမှုများအား နားလည်လက်ခံပြီး တန်းတူညီမျှမှုကို တန်ဖိုးထားသည့်စိတ်ဓာတ်၊ မိတ်ဆွေအပေါင်းအသင်းကို လေးစားတန်ဖိုးထားသည့်စိတ်ဓာတ် စသည့် အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို ရရှိစေမည်ဖြစ်ပါသည်။ လူငယ်များအား ရှေ့ဆောင်လမ်းပြပြုရမည့် ဆရာ ဆရာမများကလည်း အဖွဲ့အစည်းနှင့် ပူးပေါင်းလုပ်ဆောင်လိုစိတ်များ၊ အဖွဲ့အစည်းဖြင့်ဆောင်ရွက်မှသာ ရေရှည်တည်တံ့သောအောင်မြင်မှု ရရှိနိုင်မည့် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု အခြေခံသဘောတရားများကို လက်တွေ့လေ့ကျင့်သင်ကြားပေးခြင်းဖြင့် နိုင်ငံ့သားကောင်း လူငယ်များဖြစ်အောင် မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်ထောင်စုအကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံသည် မှီခိုသူလူဦးရေအချိုးအစား နည်းပါးပြီး အလုပ်လုပ်နိုင်သော လူဦးရေအချိုးအစား များပြားကာ လူသားအရင်းအမြစ်ပေါ်များသော အခြေအနေတစ်ရပ်ဖြစ်သည့် **“လူဦးရေဆုလာဘ်”** သို့မဟုတ် **“အခွင့်အရေးတံခါး”** (Demographic Dividend/ Demographic Window of Opportunity) ပိုင်ဆိုင်ရရှိထားသည်ဟု လူဦးရေပညာရှင်များ၏ အဆိုအရ သိရှိရသည်။ ယင်းလူဦးရေဆုလာဘ်သည် ၂၀၄၀ ပြည့်နှစ်အထိသာ ရရှိနိုင်မည်ဟုလည်း ဆိုထားပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါအခွင့်အရေးကို အပြည့်အဝ အကျိုးရှိစွာအသုံးချ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော် ၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ အသက် ၁၅ နှစ်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်းမှာ ၆၃ ရာခိုင်နှုန်း(လူဦးရေ ၂၂ ဒသမ ၉ သန်း)ရှိသည့်အနက် တစ်ဝက်ခန့်သာ အလယ်တန်းအဆင့် ပညာတတ်မြောက်ကြောင်း တွေ့ရှိရသည်။ အသက် ၂၅ နှစ်အထက် လူဦးရေ၏ ၁၃ ဒသမ ၃ ရာခိုင်နှုန်းခန့်သာ အထက်တန်းပညာအောင်မြင်ပြီး ၁၁ ဒသမ ၄ ရာခိုင်နှုန်းခန့်သာ တက္ကသိုလ်ဘွဲ့ရကြောင်း သိရပါသည်။

**အနာဂတ်အတွက် လူငယ်လူရွယ်များ အရည်အသွေး ပြည့်ဝနေစေရန်**

နိုင်ငံတော်၏အနာဂတ်အတွက် လူငယ်လူရွယ်များကို အရည်အသွေးပြည့်ဝနေစေရန် ပညာရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာများကို လေ့လာနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အမျိုးသားအဆင့် စီမံကိန်းများ ရေးဆွဲချမှတ် အကောင်အထည်ဖော်ခြင်းဖြင့် ကြိုတင်ပြင်ဆင် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်လျက်ရှိပါသည်။ လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြုစေမည့် အသက်မွေးဝမ်းကျောင်းပညာ အခြေခံရရှိရေးအတွက် လက်ရှိနိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးချဲ့ဖွင့်လှစ်ရမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းအရ ပျမ်းမျှစာတတ်မြောက်မှုနှုန်း ၈၉ ဒသမ ၁ ရာခိုင်နှုန်းသာရှိသည့်အတွက် နိုင်ငံသားအားလုံး စာတတ်မြောက်ရေး၊ ပညာရေးတန်းစဉ်ကူးပြောင်းမှုနည်းပါးခြင်း လျှော့ချရေး၊ ကျောင်းတက်သူဦးရေတိုးတက်လာစေရေးနှင့် KG+9 ပညာရေးကို အမျိုးသားရေးတာဝန်အဖြစ် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သည်။

**လူငယ်ရေးရာမူဝါဒ ရေးဆွဲပြဋ္ဌာန်းခဲ့**

မြန်မာနိုင်ငံရှိလူငယ်များ စနစ်တကျ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆောင်လမ်းပြပေးနိုင်ရန် လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ယင်းမူဝါဒနှင့်အညီ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၂၀-၂၀၂၄)ကိုလည်း ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုပြဋ္ဌာန်းထားရှိပြီးဖြစ်သည်။

လူငယ်ရေးရာမူဝါဒပါ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ (၁၆)ရပ်ဖြစ်သည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါးနှင့် အခြား ဘေးဖြစ်စေတတ်သည့် အန္တရာယ်များကဏ္ဍ၊ အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ၊ စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊ သုတေသနကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ ကျား/မ ညီမျှမှုကဏ္ဍ၊ လူ့အခွင့်အရေးကဏ္ဍနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍများတွင် လူငယ်များ၏ ကိုယ်တိုင်ကိုယ်ကျပါဝင်မှုဖြင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ် ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက မိမိတို့၏ နှစ်အလိုက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ဘတ်ဂျက်ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ဦးဆောင်ဝန်ကြီးဌာနများဖြစ်ကြသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က ဦးဆောင်ကာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီများနှင့်ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ ဂီတဖျော်ဖြေပွဲများ၊ စာပေအနုပညာ ပြပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါသည်။

ဗလငါးတန် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားတွင် မျိုးချစ်စိတ်၊ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်များ ရှင်သန်ထွန်းကားလာအောင် ပျိုးထောင်ပေးခြင်းအားဖြင့် အနာဂတ်တွင် အသင့်ဖြစ်စေမည့် လူကောင်းလူတော်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ ဆက်လက်၍ လူငယ်များ အနုပညာ၊ ယဉ်ကျေးမှု၊ အားကစားလှုပ်ရှားမှုများ အပါအဝင် လူငယ်ရေးရာကိစ္စရပ်များ လွတ်လပ်စွာဆောင်ရွက်နိုင်ပြီး အချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံ သင်ယူနိုင်မည့် လူငယ်စင်တာ(Youth Centre)များနှင့် ၂၁ ရာစု ကျွမ်းကျင်မှုအတတ်ပညာများ(21st Century Skills)၊ စီမံခန့်ခွဲမှု အတတ်ပညာရပ်များ(Soft Skills)နှင့် လုပ်သားဈေးကွက်တွင် လိုအပ်ချက်မြင့်မားသည့် ကျွမ်းကျင်မှုအတတ်ပညာ (Skills Training)များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်မည့် Learning Hub များကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင်ဖွင့်လှစ်နိုင်ရေး အလေးထား ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

**အမျိုးသားရေးတာဝန်တစ်ရပ်**

လူငယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းရပ်များသည် ဝန်ကြီးဌာန/အဖွဲ့အစည်းတစ်ခုတည်းက ကြိုးစားဆောင်ရွက်၍ အောင်မြင်မှုရရှိနိုင်မည့် လုပ်ငန်းမျိုးမဟုတ်ဘဲ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့် တာဝန်ရှိသူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးနိုင်ရေး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရပ်များ၊ ဦးစားပေးကဏ္ဍများ၊ ဆောင်ရွက်ချက်များနှင့် ဆက်စပ်လျက်ရှိသည့် (cross-cutting)ကဏ္ဍများ ဖြစ်သည့်အတွက် လူငယ်ရေးရာကော်မတီများက ဦးဆောင်ကာ ဆက်စပ်ဌာန/ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ပြည်သူလူထုတစ်ရပ်လုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အပြည့်အဝ ပူးပေါင်းပါဝင်အားဖြည့်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ လူမှုသဟဇာတဖြစ်သော အနာဂတ်နိုင်ငံတော်ကြီးကို ဗလငါးတန်နှင့်ပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များဖြင့် တည်ဆောက်နိုင်မည်ဖြစ်ပေသည်။ ။

**ကိုးကား**

(၁) ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ၏ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း(၂၀၁၆)

(၂) လူငယ်ရေးရာမူဝါဒ (၂၀၁၇)

(၃) ၂၁ ရာစု ပြည်သူ့နီတိ၊ တင်ညွန့် (၂၀၁၈)

(၄) လူငယ်အကြောင်း ပညာအကြောင်း ဆရာအကြောင်း တစေ့တစောင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ ၂၀၁၉


(၅) ၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းအစီရင်ခံစာ (၂၀၂၀)

(၆) လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၂၀-၂၀၂၄) (၂၀၂၀)

(၇) မြန်မာ့အလင်းသတင်းစာများ (၂၀၂၃)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ ဂုဏ်ပြုဆောင်းပါး

# အရည်အသွေးပြည့် သွားကျန်းမာရေး ပြည်သူ့ထံသို့ ဆောင်ကြဉ်းပေး




**✳ ညီလာခံသို့ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ငါးနိုင်ငံမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင် စုစုပေါင်း ၁၁ ဦးနှင့် ပြည်တွင်းမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင် ၂၁ ဦးတို့က အဆင့်မြင့်အရည်အသွေးမီ ကုသမှုနည်းစနစ်များကို ဟောပြောပို့ချကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ စာတမ်း (ပိုစတာ) ၃၂ စောင်ကို ထည့်သွင်းပြသသွားမည်ဖြစ်**

သွားနှင့် ခံတွင်း ကျန်းမာရေးသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ကျန်းမာရေးအတွက် လွန်စွာမှ အရေးကြီးသကဲ့သို့ ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခုတွင် ရောဂါဖြစ်ပွားနေပါက ခံတွင်းထဲတွင် ရှေ့ပြေးလက္ခဏာများ ဖြစ်ပေါ်လေ့ ရှိပါသည်။ ခံတွင်းကင်ဆာအပါအဝင် သွားနှင့် ခံတွင်းရောဂါအများစုသည် ကြိုတင်ကာကွယ်၍ရသော်လည်း အမှန်တကယ်ဖြစ်ပွားလာပါက မသက်မသာခံစားရခြင်း၊ နာကျင်ကိုက်ခဲရောင်ရမ်းခြင်း၊ မျက်နှာပုံပျက်သွားခြင်း၊ မသန်မစွမ်းဖြစ်ခြင်းနှင့် နောက်ဆုံးတွင် အသက်အန္တရာယ်ဆုံးရှုံးရခြင်း အစရှိသည်တို့ကြောင့် နိုင်ငံအတော်များများကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါသည်။ တစ်ကမ္ဘာလုံးရှိ လူဦးရေအနက် ၃ ဒသမ ၅ဘီလီယံနီးပါးသည် သွားနှင့်ခံတွင်းရောဂါခံစားနေရပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ၂၀၂၀ ပြည့်နှစ်အထိ ခံတွင်းကင်ဆာ ဖြစ်ပွားသူ ၃၇၇၇၁၃ ဦးအနက် ၁၇၇၇၅၇ ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)၏ ၂၀၂၂ စာရင်းဇယားများအရ အရွယ်ရောက်ပြီးသူ လူဦးရေ၏ ၁၉ ရာခိုင်နှုန်းသည် သွားဖုံးရောဂါခံစားနေရ၍ အရွယ်ရောက်ပြီး လူကြီးသွား (Permanent Teeth)များတွင် သွားဆွေးမြည့်ရောဂါ (Dental Caries) ခံစားနေရသူ နှစ်ဘီလီယံနှင့် ကလေးငယ်သွား (Primary Teeth) တွင် သွားဆွေးမြည့်ရောဂါခံစားနေရသူ ၅၁၄ သန်း ရှိပါသည်။ ၂၀၂၂ ခုနှစ် စာရင်းဇယား များအရ တစ်ကမ္ဘာလုံးတွင် အသက် ၆၅ နှစ်နှင့်အထက် ၇၀၃ သန်း ရှိ၍ အသက် ၈၀နှင့်အထက် ၁၄၃ သန်းရှိကာ အသက် ၂၀ နှင့်အထက် လူဦးရေ၏ ၇ ရာခိုင်နှုန်း နှင့် အသက် ၆၀ နှင့်အထက် လူဦးရေ၏ ၂၃ ရာခိုင်နှုန်းသည် အကြောင်းအမျိုးမျိုးကြောင့် သွားများ ဆုံးရှုံးနေရကြောင်း သိရှိရပါသည်။ အသက်ရှင်မွေးဖွားသည့် ကလေးဦးရေ ၁၀၀၀ မှ ၁၅၀၀ တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲတစ်ဦးနှုန်း ဖြစ်ပွားလျက်ရှိပါသည်။

### အရည်အသွေးပြည့်မီသော ကုသမှုခံယူရရှိရေး

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက် (၂)ရပ်နှင့် နည်းဗျူဟာ (၃) ရပ်တို့တွင် "လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး" နှင့် "ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်း" တို့ ပါဝင်ပါသည်။ နိုင်ငံပေါင်း ၁၉၁ နိုင်ငံ ပါဝင်ပြီး အဖွဲ့ဝင် သွားနှင့်ခံတွင်းဆရာဝန်တစ်သန်းကျော်ဖြင့် ဖွဲ့စည်းထားသော FDI World Dental Federation က အရည်အသွေးနှင့်ပတ်သက်၍ "လူနာဘေးကင်း လုံခြုံမှု (Patient Safety)၊ အချိန်မီ ကုသမှုခံယူနိုင်မှု(Timelines)၊ လူနာဗဟိုပြုမှု (Patient Centeredness)၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ လူတန်းစားမရွေး တူညီစွာကုသမှုခံယူနိုင်မှု(Equitability)၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့၏ကျွမ်းကျင်စွာ တတ်မြောက်မှု(Efficiency)၊ ထိရောက်စွာ ကုသနိုင်မှု (Effectiveness)နှင့် လက်လှမ်းမီမှု (Accessibility)ဟူသော အင်္ဂါရပ် (၇) ရပ်ဖြင့် ပြည့်စုံရန် လိုအပ်သည့်အပြင် လူနာများအနေဖြင့် အရည်အသွေးပြည့်မီစွာ ကုသမှုခံယူနိုင်ရေး၊ ဘေးအန္တရာယ်ကင်းဝေးစွာ ကုသမှုခံယူနိုင်ရေးနှင့် ကုသမှုတိုင်းသည် ပွင့်လင်းမြင်သာမှုရှိရေးတို့ကို အလေးပေး ဆောင်ရွက်သင့်ကြောင်း ထောက်ပြပြောဆိုထားပါသည်။ အရည်အသွေးပြည့်မီသော ကုသမှုခံယူရရှိရေးသည် နိုင်ငံသားတိုင်း ရရှိသင့်သည့် အခြေခံအခွင့်အရေး ဖြစ်ပါသည်။

### ပြည်သူ့အတွက် ထက်မြက်ကျွမ်းကျင် သွားဆရာဝန်

အရည်အသွေး၏ အဓိပ္ပာယ်ကို "လိုအပ်ချက်အား ပြည့်စုံစွာဆောင်ရွက်နိုင်သည့် ထူးခြားသော စရိုက်လက္ခဏာ အစုအဝေး (သို့မဟုတ်) အခြားအလားတူ အရာများနှင့် တိုင်းတာသည့် စံနှုန်း" ဟူ၍ ဖွင့်ဆိုနိုင်ပါသည်။ လူနာတိုင်းသည် အရည်အသွေးပြည့်မီသော ကုသမှုကို ခံယူနိုင်သည့်အခွင့်အရေး ရှိသည်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့်လည်း အရည်အသွေးပြည့်မီအောင် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်နေရန် လိုအပ်ပါသည်။ ပြည်သူလူထုအား ထိရောက်သော ကုသမှုပေးနိုင်ရန်အတွက် အရည်အချင်း ပြည့်မီသော ဆရာဝန်များကို မွေးထုတ်ပေးနိုင်ရန် "ပြည်သူ့အတွက်ထက်မြက်ကျွမ်းကျင် သွားဆရာဝန်" ဟူသော ဆောင်ပုဒ်နှင့်အညီ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များက ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ နှစ်စဉ်မွေးထုတ်ပေးလိုက်သော အရည်အချင်းပြည့်မီသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များသည် ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့အပြင် အကျဉ်းဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့တွင် ဝန်ထမ်းဆရာဝန်များအဖြစ် အသီးသီး တာဝန်ထမ်းဆောင်လျက် ရှိကြပါသည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံကို "အရည်အသွေးပြည့်... သွားကျန်းမာရေး ပြည်သူ့ထံသို့ ဆောင်ကြဉ်းပေး" ဆောင်ပုဒ် (အနှစ်သာရ) ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူး၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ MICC II နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါ ညီလာခံသို့ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံအပါအဝင် နိုင်ငံပေါင်း ငါးနိုင်ငံမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင် စုစုပေါင်း ၁၁ ဦးနှင့် ပြည်တွင်းမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင် ၂၁ ဦးတို့က အဆင့်မြင့်အရည်အသွေးမီ ကုသမှုနည်းစနစ်များကို ဟောပြောပို့ချကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ စာတမ်း (ပိုစတာ) ၃၂ စောင်ကို ထည့်သွင်း ပြသသွားမည် ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်မှစ၍ သွားနှင့်ခံတွင်းလူနာများအား ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)တွင် Online Registration ဖြင့် လက်ခံကုသပေးခဲ့ရာ ယနေ့အထိ လူနာ ၆၀၀၀ ကျော်ခန့် လက်ခံကုသပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

### ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် မြင့်မားစေရန်

သွားဘက်ဆိုင်ရာ ဆေးပညာ တိုးတက်အောင်မြင်ရန်အတွက် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအပြင် သွားကျန်းမာရေးသူနာပြုနှင့် သွားတုလုပ်ငန်းကျွမ်းကျင်သူတို့ပါ လိုအပ်ရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၌ သွားကျန်းမာရေးသူနာပြုများ၊ သွားတုလုပ်ငန်းကျွမ်းကျင်သူများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက် ရှိပါသည်။ "ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်" သော သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ ပေါ်ထွန်းလာစေရန်အတွက် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် မြင့်မားစေရန် (Capacity Building) အဖြစ် ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်ကြသော FDI World Dental Federation၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာသုတေသနအသင်းကြီး IADR (International Association for Dental Research) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ဒေသတွင်း အဖွဲ့အစည်းအဖြစ် မဲခေါင်မြစ်ဝှမ်းဆိုင်ရာနိုင်ငံများ သွားကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ကြီး IDCMR (International Dental Collaboration for Mekong River Region)တွင် အသင်းဝင်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ပြည်သူလူထုအား အရည်အသွေးပြည့်မီသော ကုသမှုပေးနိုင်ရန်အတွက် သွားဘက်ဆိုင်ရာ ဆေးပညာရှင်များအနေဖြင့် စာတွေ့လက်တွေ့များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးအားထုတ်နေရမည်ဖြစ်ရာ မကြာမီ ကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာ ညီလာခံတွင် တက်ရောက်ဟောပြောမည့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ ခေတ်မီကုသမှုနည်းစနစ်များနှင့် စပ်လျဉ်းသည့် ဟောပြောပို့ချချက်များသည် ပြည်သူလူထုအား အရည်အသွေးပြည့်မီသော ကုသမှုပေးနိုင်ရေးအတွက် များစွာ အထောက်အကူပြုမည်ဟု ယုံကြည်မိပါကြောင်း "မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ" အား ဂုဏ်ပြုကြိုဆိုလျက် တင်ပြလိုက်ရပါသည်။ ။

**သွယ်ရည်ကို (သွား/ဆေး)**

**ကိုးကား**
Oral Health (WHO,2023) https://www.who.int/news-room/fact-sheets/detail/oral-health

---

## မာန်အောင်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေး

**မာန်အောင် အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ခဲ့သည့် သာယာကုန်းကျေးရွာ၌ စီမံကိန်းရန်ပုံငွေကျပ် ၄၃၉ ဒသမ ၆ သိန်းကို နဝမအကြိမ်မြောက်အဖြစ် အောက်တိုဘာ ၂၄ ရက်က အဆိုပါကျေးရွာသို့ ပြန်လည်ထုတ်ချေးပေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်ဝင်းနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာ မြစိမ်းရောင်ကော်မတီဝင်များ၏ ချေးငွေထုတ်ချေးပေးနေမှုကို ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ချေးငွေများ ပြန်လည်ထုတ်ချေးပေးရာတွင် စီမံကိန်းအသင်းဝင် ၁၂၆ ဦး၏ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းများကို တစ်နိုင်တစ်ပိုင် ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း



ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက် လှူဒါန်းလျက်ရှိရာ ဦးစိုးမြင့်(စိုးမှူး)-ဒေါ်ကြည်ကြည်ခင်(စိုးကြည်ဖြူ)၊ သမီး - အကယ်ဒမီ စိုးမြတ်သူဇာ (စိုးမြတ်သူဇာ) မိသားစုက အလှူငွေကျပ်သုံးသိန်း၊ ဒေါက်တာနေဝင်း စိတ်ကျန်းမာရေး ဖောင်ဒေးရှင်းနှင့် ဒေါက်တာမောင်မောင်မြင့် - စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး) (ဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်စာရေးဆရာအသင်း)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ပဏ္ဍိတာရာမစာသင်တိုက်၊ သီရိပုံ့ချီ ဗိုလ်ချုပ်စိန်ထွား-ငြိမ်း(ညိုထွေး)၊ ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း-ငြိမ်း (ကျော်စောဟန်)၊ ဆရာကြီး ကပ္ပတိန်သာစိန် (မိသားစု)တောင်ဥက္ကလာပမြို့နယ်၊ ဦးသန်းဝင်း(မင်းယဉ်စု)မိသားစု၊ ဦးခင်မောင်ညွန့် (တက္ကသိုလ်ခိုင်ထွန်း - ဖျာပုံ)၊ ဆရာမကြီး ဗိုလ်ချုပ်မြေတင်တင်ဝင်း (ရန်ကင်းမြို့နယ်)၊ ဗဟန်းမြို့နယ် စာရေးဆရာအသင်းနှင့် ရန်ကင်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ မြောင်းမြမြို့နယ် စာရေးဆရာအသင်းနှင့် ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ဆရာဘုန်းမောင်ဝင်း (ဖျာပုံ)၊ ဒေါ်ခင်တင့်ဝေ (ခင်တင့်ဝေ-မြို့တော်စည်ပင်)၊ မြဝတီသတင်းစာတိုက်နှင့် ပုဏ္ဏားကျွန်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူးဦးညွန့်တင် (မောင်ငြိမ်းသူ - ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တွံတေးမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်

**တွံတေး အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရှေးဟောင်းသမိုင်းဝင်ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ဆံကေသာဓာတု ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် စည်ကားစွာကျင်းပသွားမည်ဖြစ်သည်။ အဆိုပါဗုဒ္ဓပူဇနီယပွဲတော်ကြီးကို အောက်တိုဘာ ၂၇ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တွံတေးသား**




## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၇

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အသက် ၈၀ နှင့်အထက် ဆရာသမားများနှင့် အသင်းဝင် သက်ကြီးဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ဦးရဲမြင့်ဖေ စာတည်းမှူးချုပ်(ငြိမ်း)-ဒေါ်စန်းစန်းဝေ မိသားစုက အလှူငွေကျပ် တစ်သိန်း**(အပေါ်ပုံ)**၊ နန်းဆိုင်ခမ်း(တောင်ကြီး)မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဒေါ်အေးအေးမော်မန်နေဂျာ(ငြိမ်း)က အလှူငွေကျပ် တစ်သိန်း၊ ဦးထွန်းလင်းအောင် (ACME Print & Pack) - ဒေါ်သိင်္ဂီဦး မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဦးကျော်ဇင်ဦးက အလှူငွေကျပ်ငါးသောင်း၊ ဒေါ်ဖြူဖွေးသန့်စင်က အလှူငွေကျပ် ငါးသောင်း၊ ဦးမင်းဇော်သိန်းက အလှူငွေကျပ် ငါးသောင်း၊ ဦးသန်းနိုင်(မြတ်သူစံ-ဝါးခယ်မ) မိသားစုက အလှူငွေကျပ် ငါးသောင်းနှင့် ဦးအေးသန်း မိသားစုက အလှူငွေကျပ် ငါးသောင်း စုစုပေါင်း အလှူငွေကျပ် ခြောက်သိန်းငါးသောင်းကို အောက်တိုဘာ ၂၅ ရက်က အသင်းရုံးခန်းသို့ လာရောက်လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံယူခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

## ဟဲဟိုးမြို့၌ နှစ်ပေါင်း ၄၄ နှစ်အတွင်း အမြင့်ဆုံးအပူချိန်စံချိန်သစ်တင်

နေပြည်တော် အောက်တိုဘာ ၂၇

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီစင်တီဂရိတ် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီစင်တီဂရိတ် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | ဟဲဟိုး | ၂၆-၁၀-၂၀၂၃ | ၃၂.၀ | ၈၉.၆ | ၂၄-၁၀-၂၀၁၉ | ၃၁.၈ | ၈၉.၂ | ၄၄ |

**မိုး/ဇလ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၂၇**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပဲခူးမြို့တွင် ၃ ဒသမ ၃၂ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ခရမ်းမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)နှင့် ရေးမြို့တို့တွင် ၀ ဒသမ ၉၈ လက်မစီ၊ ကျိုက်မရောမြို့တွင် ၀ ဒသမ ၈၇ လက်မနှင့် လောင်းလုံးမြို့တွင် ၀ ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် အောက်တိုဘာ ၂၇** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီဇွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၁၀ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၁၀ ကျပ် | ၂၃၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဒဂုံအထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ပွဲကို အောက်တိုဘာ ၂၆ ရက်က ဒဂုံမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ အသင်းသားများအား အစုပေါ်အမြတ်ထောက်ပံ့ကြေး ငွေကျပ်သိန်း ၂၀ ပေးအပ်ပြီး အသင်းဥက္ကဋ္ဌ ဒေါ်ခင်စောဦးက အမှာစကားပြောကြားစဉ်။ အာကာလင်း

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၇၇ | ၆၇၇၆၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၁၀၁၉၄ | ၃၀၀၇၂၃၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၆၇ | ၂၀၀၂၇၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၈၄၀ | ၃၀၃၆၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂ | ၄၇၇၀၀၅၀ |
| EFR | ၂၁၅၀ | ၂၁၀၀ | ၂၂၆၈ | ၂၇၃၄၆ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၉၂ | ၄၅၀၆၀၀ |
| MAEPC | ၁၈၀၀ | ၁၇၅၀ | ၃၁ | ၁၅၇ |

ညီညီ - စုစည်းသည်

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်အထိ (သီတင်းကျွတ်ရုံးပိတ်ရက်များ) တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ Win Sar Garden Housing၊ ရှင်စောပုလမ်း၊ အမှတ်(၂၂) တွင် တည်ရှိသော Yangon Smart Trading Co., Ltd. ကုမ္ပဏီမှတ်ပုံတင်အမှတ် – 101248100 အနေဖြင့် အောက်ဖော်ပြပါ အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းထားသည့် မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်၏ ပိုင်ရှင်ဖြစ်ပါသည်–

STYLISH SILK

၎င်းအမှတ်တံဆိပ်အမှတ်အသား၊ အမည်ဖြင့်ပင် အဝတ်အထည်အမျိုးမျိုး တင်သွင်းထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများ၊ ၎င်းလုပ်ငန်းများနှင့် ပတ်သက်ဆက်နွှယ်နေသော လုပ်ငန်းများအားလုံး လုပ်ကိုင်ရာတွင် ၎င်းအမှတ် တံဆိပ်အမှတ်အသားနှင့် ကုမ္ပဏီအမည်ကို ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ကာလာအမျိုးမျိုးတို့ ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့တော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် လုပ်ငန်းခွဲများဖြင့် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ အဆိုပါအမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများ တွေ့ရှိပါက ကုမ္ပဏီလုပ်ငန်းထိခိုက်နစ်နာဆုံးရှုံးမှု ကုန်ကျသမျှသော အရပ်ရပ်ငွေကြေးများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမင်းခန့်ဦး (LL.B, LL.M, WIPO SWITZERLAND)**
**အထက်တန်းရှေ့နေ [စဉ်–၅၃၄၉၄/၃၁–၈–၂၀၂၀]**
**အမှတ်(၉)၊ ရပ်ကွက်အမှတ်(၃၆)၊ နဝဒေးဥယျာဉ်အိမ်ရာ**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉–၇၆၅၄၇၉၆၈၆, ၀၉–၄၅၃၀၃၁၀၁၆**

## အများသိစေရန်ကြေညာခြင်း

ဟသ်ာတမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်(၃၇) ကနောင်စုအနောက်ရပ်၊ ဦးပိုင်အမှတ်(၂၄၈)၊ ဧရိယာ (၀.၀၈၉)ဧကရှိ (၉-၄-၁၉၉၀)ရက်မှ (၈-၄-၂၀၀၀)ရက်ထိ ဦးအောင်ကြည် အမည်ဖြင့် (၁၀)နှစ်ဂရန်ရရှိခဲ့သောမြေကို လူနေအိမ်အသုံးပြုရန်အတွက် ဦးဆွေလှိုင်ထွန်းအမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ဟသ်ာတမြို့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/74260, Honda Scoopyi-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိရွှေဇင် ၉/စကတ(နိုင်)၁၂၃၁၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/9583, Lifan LFJ 3053F, Dump Truck/ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေမျိုးဝေ ၁၄/ပသရ(နိုင်)၀၉၆၆၈၆မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တင်ဒါခေါ်ယူခြင်း

၁။ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အောက်ဖော်ပြပါ ပစ္စည်းများအား(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဆန္ဒပြုခန်း(စက္ကူကတ္တူ)
(ခ) ဘောပင်
(ဂ) စက္ကူစာအိတ် (၆.၂" x ၃.၅") 60 GSM (ကော်အပါအဝင်)
(ဃ) စက္ကူစာအိတ် (၉" x ၄.၅") 60 GSM (ကော်အပါအဝင်)
(င) A4၊ Legal ၅၀၀ ရွက်ပါ 70 GSM စက္ကူထုပ်များ
(စ) လုံခြုံရေးကြိုး
(ဆ) မင်ဘူး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/ အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့် ရှိသည်။ တရားဝင်ဝယ်ယူထားသူများ၏ မူရင်းအဆိုပြုလွှာပုံစံများကိုသာ လက်ခံပါမည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား ပစ္စည်း တစ်မျိုးအတွက် တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ၁၆ – ၁၀ – ၂၀၂၃ ရက်မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂ )တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)ရှိ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌထံလိပ်မူ၍ ၁၃-၁၁-၂၀၂၃ ရက် ညနေ (၁၆ : ၀၀) နာရီ နောက်ဆုံးထားပြီး လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၂၃၄၊ ၀၆၇-၃၄၀၄၃၁၁ နှင့် ၀၆၇-၃၄၀၄၃၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အများသိစေရန်ကြေညာခြင်း

အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၃ခုနှစ် အောက်တိုဘာ ၂၄ရက်မှစ၍ မြန်မာနိုင်ငံ MIN YI MECHANICAL & ELECTRICAL Co.,Ltdသည် အစုရှင်/ ဒါရိုက်တာများအားလုံး၏ သဘောတူညီချက်များနှင့်အတူ အပြီးတိုင်ပိတ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အစုရှင်နှင့် ဒါရိုက်တာများ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ပညာလမ်း၊ မြေကွက်အမှတ်(၁၀၁၀/ခ)၊ မြေပေအကျယ် (၂၀ x ၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ ဦးအောင်ကျော် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို အမွေဆက်ခံပိုင်ဆိုင် လက်ဝယ်ထားရှိသူများဖြစ်ကြသော ဒေါ်စံနုခိုင် ၁၂/ဥကတ(နိုင်)၁၆၇၅၈၈ နှင့် ဦးကျော်သူအောင် ၁၂/ဥကတ(နိုင်)၁၆၇၅၈၉တို့က အထက်ပါမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်(၂)ထပ် လုံးချင်းနေအိမ်အပါအဝင်ကိုမိမိတို့သာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍ မိမိတို့မှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံ မြေကွက်အားအပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ကြည်(ခ)ဇော်ရှင်ကွေ ၁၃/လရန(နိုင်)၀၆၁၂၃၂က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## အများသိစေရန် ကြေညာခြင်း

ပခုက္ကူမြို့၊ အမှတ်(၁၄)ရပ်ကွက်၊ ငုဝါလမ်း၊ ကွင်း/အကွက် အမှတ်(၆/သိန်တော်ထန်းတောကွင်း)၊ ဦးပိုင်/မြေကွက်အမှတ်(B-၉၂၊ B-၉၃)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဦးကျော်ညွှန့်အမည်ဖြင့် မြေပေးမိန့် ချထားပေးခဲ့ပါသည်။ အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ဆွေ ၈/ရစက(နိုင်)၁၅၅၀၃၆ မှ မြေယာပိုင်ဆိုင်မှု စပ်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိအကျိုးခံစားလျက်ရှိပြီး ဦးနိုင်ဆွေ အမည်ဖြင့် မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်၍ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောတရားဝင် စာရွက်စာတမ်း အထောက်အထားများဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း သက်ဆိုင်ရာခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတို့၌ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေဦးနိုင်ဆွေ ၈/ရစက(နိုင်)၁၅၅၀၃၆အမည်ဖြင့် မြေငှားဂရန် ရရှိရေး ဥပဒေနှင့်အညီ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၁၃)**
**တပ်မလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ပခုက္ကူမြို့။ ဖုန်း-၀၉-၇၈၀၄၄၆၄၇၇**

## ဓါတ်မျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ၂၀၂၄-၂၀၂၅ ခု၊ ပညာသင်နှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် အသစ်တိုးချဲ့ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၃၄)ကျောင်း တည်ဆောက်ရေးလုပ်ငန်းများကို အိတ်ဖွင့် တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁-၁၁-၂၀၂၃ ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၁၁-၂၀၂၃ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အခြေခံပညာဦးစီးဌာန ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပညာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ကြို့ပင်ကောက်မြို့၊ နွယ်ခွေရပ်ကွက်၊ နွယ်ခွေလမ်းနေ ဦးကျော်သန်း ၇/ကပက(နိုင်)၀၀၈၄၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

ဦးကျော်သန်း လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော ကြို့ပင်ကောက်မြို့၊ နွယ်ခွေရပ်ကွက်၊ နွယ်ခွေလမ်းတွင် တည်ရှိသည့် အရှေ့လားသော်- ဒေါ်ရီရီမြင့်ခြံမြေ ၊ အနောက်လားသော် – ကိုသိမ်းဖေမြင့်ခြံမြေ ၊ တောင်လားသော်- ဒေါ်ဝါဝါခိုင်ခြံမြေ ၊ မြောက်လားသော် -နွယ်ခွေလမ်း ၊ နယ်( လေး )ရပ်အကြားရှိ အလျား(၁၅၀)၊ အနံ ( ၂၉ ၁/၂ ) ပေရှိ ခြံမြေကွက် နှင့် ယင်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံတို့အား ဦးကျော်သန်းမှ လွှဲပြောင်းရောင်းချရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါခြံမြေ၊ နေအိမ်တို့နှင့်ပတ်သက်၍ သက်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကန့်ကွက်ပိုင်ခွင့်ရှိကြောင်း၊ စာချုပ်စာတမ်း အထောက်အထား မူရင်းများပြသ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည် ။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်း**
**B.A(Law) LL.B(Advocate)**
**တရားလွှတ်တော်ရှေ့နေ ၊ စဉ်-၇၁၈၅/(၂၇-၉-၂၀၀၄)**
**အမှတ် ၇၄၊ လှည်းတန်းလမ်း၊**
**ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့။**
**ဖုန်း-၀၉-၅၃၇၄၃၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာ(၉)လမ်း၊ မြေကွက်အမှတ်(၅၅၅/က)၊ မြေပေအကျယ် ပေ(၂၀x၆၀)ရှိ ဒေါ်ကျင်မြ အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက် မှ တရားဝင် မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်းရှိမြေပေအကျယ်(၁၀ x ၆၀)ပေ၊ စတုရန်းပေ(၆၀၀)ရှိ မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်(၁)ထပ် လုံးချင်းနေအိမ်အပါအဝင်ကို အမွေဆက်ခံပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်ကြသော ဒေါ်သန်းရွှေ ၁၂/ဥကတ(နိုင်)၁၂၃၆၅၀၊ ဒေါ်ဖြူဝင်း(၁၂/ဥကတ(နိုင်)၁၁၉၁၆၁)၊ ဒေါ်မြင့်မြင့်သန်း ၁၂/ဥကတ(နိုင်)၁၂၇၀၃၄ တို့က အထက်ပါအိမ်ခြံမြေကွက်ကို မိမိတို့သာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့မှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈/၁၁ ကမာရွတ်)၊ လူနေရပ်ကွက်အမှတ်(မြကန်သာအိမ်ရာ)၊ မြရတနာလမ်း၊ မြေကွက်အမှတ်(၂၄၁/ခ)၊ မြေပေအကျယ်(၃၀ x ၅၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၃၄ ဧက၊ စတုရန်းပေ(၁၅၀၀)ရှိ ဦးလှဖေ(ခ)ဖီတဲ့ ၁၃/ကမန(နိုင်)၀၅၆၅၇၉ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင် အုပ်ညှပ်(၂-ထပ်)လုံးချင်းနေအိမ် အပါအဝင်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်ကြသော ဦးလှဖေ(ခ)ဖီတဲ့ နှင့် ဒေါ်ညိုညိုခိုင် ၁၂/ကမန(နိုင်)၀၆၃၄၆၃တို့က အထက်ပါအိမ်ခြံမြေကွက်ကို မိမိတို့သာတရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ကျော်လင်း ၁၃/တကန(နိုင်)၀၀၃၉၈၇ နှင့် ဒေါ်မြတ်သင်းနု ၅/စကန(ဧည့်)၀၀၀၀၄၀ တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ၂၀ ) ပြည်ကြီးတံခွန်မြို့ နယ်တရားရုံး ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၄

၁။ ဦးဝင်းဇော် နှင့် ဦးကံထူး
၂။ ဒေါ်နန်းထိုက်ထိုက်ဝင်း
**တရားလိုများ** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (၅၈၉-က)၊ ထိန်ကုန်းရပ်ကွက်နေ ဦးကံထူး(ဘ)ဦးအချား(AE-250858)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဝင်းဇော်ပါ-၂ဦးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရ မည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ ကွင်းအမှတ်(၄၉၅/အေ)၊ မြေကွက်အမှတ် (၈၂၃၊ ၈၂၅)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း အလျား ပေ၁၀၀xအနံပေ၁၂၀ရှိ မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မျိုး ၁၄/ရကန(နိုင်)၀၀၀၃၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မူမူစန်း(ခ)ဒေါ်ဝါဝါ ၁၃/တကန(နိုင်)၁၃၀၉၈၃ က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ တရားဝင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထက်ဦး(LL.B)** **ဒေါ်ဝေမိုးသူ (LL.B)**
**အထက်တန်းရှေ့နေ( စဉ်-၄၀၈၇၄ )** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၅၂)**
**အမှတ် (၃၅/ခ)၊ ဗိုလ်တေဇလမ်း၊ နွယ်ခွေစံပြကျေးရွာ၊ ထောက်ကြန့်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-882511188, 09-421149768**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ရွှေသရဖီလမ်း၊ မြေကွက်အမှတ်(၁၂၃)ဟု ခေါ်တွင်သော အကျယ်အဝန်း ၀ ဒသမ ၀၆၂ ဧကရှိ ဦးဇော်မျိုးဦး ၁၂/ခရန(နိုင်)၀၃၀၁၇၆ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အားအမည်ပေါက် ဦးဇော်မျိုးဦးကိုယ်တိုင်တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ယင်းမြေနှင့်မြေပေါ်ရှိ အဆောက်အအုံတို့ကို သားသမီးအရင်းများဖြစ်သော မောင်ရဲဟိန်းဦး ၁၂/ဒဂမ(နိုင်)၀၄၃၇၃၀၊ မောင်ခန့်ဟိန်းဦး ၁၂/ဒဂမ(နိုင်)၀၄၃၇၃၁ နှင့် မနေခြည်ထက်ဦး ၁၂/ဒဂမ(နိုင်)၀၅၃၆၈၃ တို့အား ဖခင်၏ချစ်ခြင်းမေတ္တာစေတနာ သက်သက်ဖြင့် အပြီးအပိုင်ပေးကမ်းလိုက်ပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထိုသို့မေတ္တာဖြင့် အပိုင်ပေးကမ်းလိုက်ခြင်းအပေါ် ကန့်ကွက်လို သူများရှိပါက ခိုင်လုံသောအထောက်အထား အကြောင်းပြချက်များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက သက်ဆိုင်ရာဌာနတွင် ပေးကမ်းခြင်းခံရသူများ၏အမည်ဖြင့် တရားဝင်အမည်ပြောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးဇော်မျိုးဦး** | **ဒေါ်လွင်မာထွန်း(LL.B)** |
| **၁၂/ခရန(နိုင်)၀၃၀၁၇၆** | **တရားလွှတ်တော်ရှေ့နေ(၁၄၃၂၁/၂၇-၄-၁၈)** |
| | **(၂၅၄)၊ သရဖီ(၃)လမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံ။** |
| | **ဖုန်း-၀၉-၄၄၈၀၀၁၃၁၄၊ ၀၉-၇၉၅၄၂၀၅၈၈** |

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ဝက်ရပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၆၄)၊ ဝက်ရပ်ကွင်း၊ ဦးပိုင်အမှတ်(၅၃/၁)၊ ဧရိယာ ၀ ဒသမ ၄၃ ဧက အနက်မှ ၀ ဒသမ ၃၆ ဧကရှိ ရွာမြေအား ဦးဝင်းတင် အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက် ရန်ရှိပါက (၁၄)ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဝင်းတင်**
**၁၄/ရကန(နိုင်)၁၉၃၅၁၇**
**ကွက်သစ်ကျေးရွာ၊ ဝက်ရပ်ကျေးရွာအုပ်စု၊ ရေကြည်မြို့နယ်။**
**ဖုန်း-၀၉-၄၂၂၄၅၇၉၈၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်73W/16449 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့၊ ကွင်းနောက် ရပ်ကွက်နေ မမိုးမိုး(ခ)မိုး ၇/ကတခ (နိုင်)၀၇၅၇၃၇၏ ဖခင် ဦးဒါးဦးနှင့် ဦးဒါဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဒါးဦး (ခ) ဦးဒါဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/96838 YES SUMBO-125 ယာဉ်လက်ဝယ်ရှိသူ Dote Hta Waddy Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/8997 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/99436 Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/80119 Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Bamboo Shade Family Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ပြည်လုံးနိုင်ရပ်ကွက်၊ (၁၉)လမ်း၊ ဦးပိုင်အမှတ် ၉၃ᵃ ပိုင်ရှင် ဒေါ်ငွေသဲမှ အမွေလွှဲပြောင်းပေးအပ်ပြီးဖြစ်သော လက်ရှိပိုင်ရှင် ဦးမြင့်ဆွေ ၉/ကဆန(နိုင်)၀၈၉၆၃၂၏ ၀ ဒသမ ၀၂၄ဧက (ဧရိယာ) အကျယ်ရှိသော (မြို့မြေ)ကို ရောင်းချမည်ဖြစ်ပါသဖြင့် ဤမြေနှင့်ပတ်သက်၍ အကြောင်းကိစ္စတစ်စုံတစ်ရာကို ကန့်ကွက်မည်ဆိုပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**ဦးမြင့်ဆွေ**
**ပုသိမ်ကြီးမြို့နယ်၊ထုံးဘိုအမှတ်(၈)ရပ်ကွက်၊ ဖုန်း-၀၉-၄၂၆၆၆၄၅၈၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်မောင်မောင် သန်း CDC 49320 ၈/မထန(နိုင်) ၀၇၇၄၄၉၏ သင်္ဘောသား SID ကတ် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၃၀၇၅၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးပိုင်ဆက်အောင် ၁၂/ကခက(နိုင်)၀၇၈၈၈၃၏ SID ကတ် (seafarers' Identity Document) ကတ်အမှတ် MS 020724သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၀၀၀၈၉၅

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဘားအံမြို့နယ်၊ ကော့ကဒါ ကျေးရွာအုပ်စု၊ ကော့ကဒါကျေးရွာနေ ဦးနိုင်လင်း ၁၄/ပတန(နိုင်) ၁၁၂၄၀၁ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၆၃၂၁၄၂၇

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၇၉၁၀၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/7637 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/7035 Toyota Corolla EE103, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဖေဝင်း ၁၂/မရက(နိုင်)၁၀၅၄၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/96051 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသူ ၁၄/ဟသတ (နိုင်)၂၃၇၂၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ဟသ်ာတ)

## DIGINGWAE COMPANY LIMITED

### မတည်ငွေရင်းလျှော့ချပြီးဖြစ်ကြောင်းကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ (၁၁၆)(င)၊ ပုဒ်မခွဲ (၂)အရ DIGINGWAE COMPANY LIMITED ၏ မတည်ငွေရင်းလျှော့ချခြင်းကိစ္စရပ်နှင့်ပတ်သက်၍ ၂၇-၁၀-၂၀၂၃ ရက်တွင် အစုရှယ်ယာရှင်များ၏ အတည်ပြုကျင်းပပြုလုပ်ခဲ့သည့် အထွေထွေအစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီစတင်တည်ထောင်ချိန်မှ မူလထုတ်ဝေခဲ့သည့် ကုမ္ပဏီ၏မတည်ငွေရင်းဖြစ်သောအစုရှယ်ယာတန်ဖိုးငွေကျပ် (၃,၀၀၀,၀၀၀,၀၀၀/-)မှ (၁၀၀,၀၀၀,၀၀၀/-) သို့ လျှော့ချပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာများအဖွဲ့

DIGINGWAE COMPANY LIMITED

အမှတ် (၄၁)၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေသရဖီအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်း၊ Golden City Condo၊ Block-4၊ အခန်းအမှတ်(06-01)ဟုခေါ်တွင်သော အကျယ်အဝန်း (1981.5)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းအတွင်းရှိ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ် အားလုံးအား ဒေါ်နှင်းလဲ့အောင် ၁၂/လသန(ဧည့်)၀၀၁၅၁၆ မှ မိမိဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို (LL.B) ဒေါ်စန္ဒာဝင်း(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)

အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၂၂)

### သင်္ဃန်းကျွန်းခရိုင်တရားရုံး

### ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈၂ နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၉

ဦးမင်းမင်းဇော် နှင့် ဦးနေမျိုးအောင်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးမျိုးဟန်
(တရားနိုင်) (တရားရှုံး)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်၊ တပ်နယ်(က)လိုင်း၊ အခန်း-၃၊ တိုက် (၃၇၉၁) နေ (ယခုနေရပ်လိပ်စာမသိ)သူ ဦးနေမျိုးအောင် သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄၈၂ တွင် ကျရှိသည့် ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုစန္ဒာဝင်း)
ခရိုင်တရားသူကြီး
သင်္ဃန်းကျွန်းခရိုင်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ UE(1) တိုးချဲ့အပေါ်ပိုင်း မြေကွက်အမှတ် (၁၂၆)ဟု ခေါ်တွင်သော ဦးခင်မောင်ထွေး အမည်ပေါက် နှစ်(၆၀)ဂရမ်မြေ အကျယ်အဝန်း(၄၀ x ၆၀)ပေ အနက်မှ (၁၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် နေအိမ်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဦးကောင်းမြတ်ဟိန်း ၅/ကသန (နိုင်)၀၆၉၀၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်ထွန်း ၁၂/ဒလန(နိုင်) ၀၆၂၉၉၃က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်တင်ဇာဝင်း (LL.B)

အထက်တန်းရှေ့နေ( စဉ်-၃၆၈၅၀)

အမှတ်(၁၁၈)၊ ရေကူးဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၉-၄၄၈၀၀၇၀၃၇

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်အမှတ် ဒ-၂၃၆၁၊ မြေဧရိယာ ၀ ဒသမ ၂၂၅ ဧကရှိ ဦးအောင်မင်း (ဘ) ဦးလှတင် ၉/ပမန(နိုင်)၁၃၄၅၉၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးအောင်မင်းမှ ဒေါ်သန်းစုစံ (ဘ) ဦးကံကောင်း ၈/ဆဖန(နိုင်)၀၆၁၄၁၉ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ

### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)

### တာချီလိတ်ခရိုင်တရားရုံး

### ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅

### ၂၀၂၁ ခုနှစ်၊ တရားမမူလမှုအမှတ်-၁၄

ဦးကျဖိုး နှင့် ၁။ ဒေါ်ရွှေလီ
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါ်လဲ့ရည်သန့်
ဦးအောင်ကိုဦး)
ဒီကရီအနိုင်ရသူ တရားရှုံးများ

ဒေါ်ရွှေလီ အမှတ် (၈/၁၂၃)၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ် မြို့နေသူ သိစေရမည်။

အထက်ပါအမှုတွင် တရားရှုံးပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအား ဝရမ်းစွဲကပ်ပြီးလေလံတင်ခြင်းကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ ဦးကျဖိုးက လျှောက်ထားသောကြောင့်၊ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် မွန်းမတည့်မီ ၁၀:၀၀နာရီ အချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်စန်းမောင်)
ဒုတိယခရိုင်တရားသူကြီး
တာချီလိတ်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပိတောက်ရိပ်သာလမ်း၊ အမှတ်(၃၉၇)၊ မြေညီထပ် ခြေရင်းဘက်ခြမ်းတွင်နေထိုင်သူ ဦးနိုင်လင်း ၁၂/အစန (နိုင်)၁၉၇၉၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးနိုင်လင်းနှင့် ဒေါ်ခင်ဇာဇာထွေး ၁၂/အစန(နိုင်) ၂၆၄၀၀၄ တို့သည် မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းပြီး သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်လင်းမှာ ဇနီးဖြစ်သူနှင့် သားသမီးတို့အား ကောင်းမွန်စွာ ရှာဖွေကျွေးမွေး စောင့်ရှောက်ခဲ့သူဖြစ်ပါသည်။ ဇနီးဖြစ်သူ ဒေါ်ခင်ဇာဇာထွေးမှာ အကြောင်းအမျိုးမျိုးပြ၍ ကျွန်ုပ်မိတ်ဆွေ ရှာဖွေထားသော စီးပွားဥစ္စာများအား အကြိမ်ကြိမ်အခါခါ ဖြုန်းတီးခဲ့သော်လည်း အကြိမ်ကြိမ်ခွင့်လွှတ်သည်းခံခဲ့ပြီးဖြစ်ပါသည်။ ၂၄-၁၀-၂၀၂၃ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်ခင်ဇာဇာထွေးတို့မှာ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်း၍ လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား ခွဲဝေရယူပြီး ၂၅-၁၀-၂၀၂၃ ရက်တွင် ဒေါ်ခင်ဇာဇာထွေးမှာ ၎င်းခွဲဝေရရှိသည့် လက်ထပ်ပွားပစ္စည်းများအပြင် ကျွန်ုပ်၏မိတ်ဆွေမှ ခွဲဝေရရှိပိုင်ဆိုင်လျက်ရှိသော တိုက်ခန်း၏ စရန်ပေးစာချုပ်နှင့် ငွေများ၊ ရွှေနှင့် လက်ဝတ်လက်စားများအား ကျွန်ုပ်၏မိတ်ဆွေ မသိအောင်ရယူ၍ သားအငယ်ဆုံးဖြစ်သူအား ကျွန်ုပ်၏မိတ်ဆွေအိမ်မှ ခေါ်ယူသွားခဲ့ပါသည်။

အဆိုပါတိုက်ခန်းမှာ ကျွန်ုပ်မိတ်ဆွေ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသော တိုက်ခန်းဖြစ်ပြီး ဒေါ်ခင်ဇာဇာထွေး ပိုင်ဆိုင်ခြင်းမရှိကြောင်း၊ လင်မယားနှစ်ဦးကွာရှင်းပြတ်စဲပြီးဖြစ်၍ ဒေါ်ခင်ဇာဇာထွေးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ဒေါ်ခင်ဇာဇာထွေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားသမျှ သည် ၎င်းနှင့်သာသက်ဆိုင်ပြီး ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနိုင်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ကျော်မျိုး(LL.B)

တရားလွှတ်တော်ရှေ့နေ စဉ်-၁၂၇၉၃(၂၉-၆-၂၀၁၇)

အမှတ်(၇၆)၊ တောတိုက်ဓမ္မရိပ်သာလမ်း၊ တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၂၂၆၃၀၉၉

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးသန်းစိုး-ဒေါ်အုန်းမြင့်တို့၏သား မောင်ရဲအောင် ၇/ဝမန(နိုင်) ၁၈၉၆၆၂ နှင့် ဦးလှအေး-ဒေါ်ကြည်အေးတို့၏ သမီး မခင်သူဇာအေး ၈/မတန(နိုင်)၀၆၅၅၀၃ တို့သည် ၂၀၁၇ ခုနှစ်က တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထား တိုက်ဆိုင်မှုမရှိတော့ဘဲ အကြင်လင်မယားအဖြစ်ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် တရားလွှတ်တော်ရှေ့နေ ဒေါ်မေခိုင်ဦးနှင့် အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ၂၈-၉-၂၀၂၃ ရက်တွင် လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မောင်ရဲအောင်နှင့် မခင်သူဇာအေးတို့သည် တရားဝင်ကွာရှင်း ပြတ်စဲပြီးဖြစ်ပါသဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မခင်သူဇာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေခိုင်ဦး (စဉ်-၁၃၂၃၄/၂၀၁၇)၊

တရားလွှတ်တော်ရှေ့နေ

အမှတ်(၃)ရပ်ကွက်၊ မင်းတုန်းမြို့။

ဖုန်း-၀၉-၄၀၁၅၈၅၇၀၂၊ ၀၉-၉၅၀၂၆၀၉၃၃

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၆-ခ/၁)၊ ဦးပိုင်အမှတ် (၇/၁)၊ မြေဧရိယာ ၀ ဒသမ ၃၆၃ ဧကရှိ မြေကွက်သည် မူလက ဦးဂျန္ဒရာဗဟာဒူး အမည်ဖြင့် အမှုတွဲအမှတ် ၁၇၅၀/(၃)(၁၉၉၂-၁၉၉၃)အရ ၃၀-၆-၂၀၂၃ရက်ထိ (၃၀)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဦးဂျန္ဒရာဗဟာဒူးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ဇနီးဖြစ်သူ ဒေါ်ဗစ်တိုရီယား ၁/မကန(နိုင်) ၀၂၆၄၀၇က (၁၈-၈-၂၀၂၃)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၅၂/၂၀၂၃) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ဗစ်တိုရီယားအမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်တားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၇/၄)၊ ဦးပိုင်အမှတ် (၁၀၀)၊ မြေဧရိယာ ၀ ဒသမ ၀၉၁ ဧကရှိ မြေကွက်သည် ဒေါ်ဝင်းဝင်းစိုး(ခ)ရှော့ကြီး ၁/မကန(နိုင်)၁၂၃၉၁၂ အမည်ဖြင့် မြို့မြေခွန်စည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဒေါ်ဝင်းဝင်းစိုး(ခ)ရှော့ကြီး အမည်ဖြင့် မြေငှားဂရန် (အသစ်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## အမှားပြင်ဆင်ဖတ်ရှုပေးပါရန်

ဦးထက်နောင်လှိုင် အထက်တန်းရှေ့နေ စဉ်-၄၃၄၈၁ (၂၄-၁၀-၂၀၂၃) ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ(၃၀)တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ အမှတ် (၂၉၈)၊ (၂)ခန်းတွဲ (၃) ထပ်ခွဲတိုက်ဟု မှားယွင်းထည့်သွင်းကြေညာခဲ့ပါသည်။ အမှန်မှာ ၎င်းလိပ်စာရှိ တိုက်မှာ (၂)ခန်းတွဲ (၆)ထပ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန် ကြေညာလိုက်ပါသည်။

ဒေါ်သက်သက် ၁၁/မတန(နိုင်)၀၁၂၃၁၈ ၏ လွှဲအပ်ညွှန်ကြားမှုအရ-

ဦးထက်နောင်လှိုင်

အထက်တန်းရှေ့နေ စဉ် - ၄၃၄၈၁(LLB, DIL)

အမှတ် (၈၆၈)၊ ၂ လမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

ဖုန်း-၀၉-၄၀၃ ၉၈၉ ၄၇၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**"ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ်-(စက်မှုဇုန်)၊ မြေကွက်အမှတ် (၁၈၉/ဘီ၅)၊ ဧရိယာ ၂ ဒသမ ၁၈၀ ဧကရှိ ဒေါ်ဟွေလျင် ၁၃/တယန(နိုင်)၀၁၅၄၀၄ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး"**

ကို မိခင်ဖြစ်တူ ဒေါ်ဟွေလျင်မှအမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး မိခင်မှ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၂၈/၂၀၂၀ ရရှိသူ ဒေါ်အေးထင် ၁၃/လရန(နိုင်)၁၃၅၂၄၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်အောင်၊ ဒေါ်လီလီဝင်း တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှိုင်ဘွား(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၃၀/၂၀၁၂)

အမှတ်-၄၇၅၊ ပထမထပ်၊သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၈၅၅၂၂၀၄၊ ၀၉- ၈၉၂၇၅၅၀၁၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ တိုက်အမှတ် (၇၉)၊ ခေါင်းရင်းခန်း၊ မြေညီ-ထပ်ခိုးပါ ၊ အကျယ်အဝန်းပေ (၁၅ x ၆၀)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူဟုဆိုသူ ဒေါ်ပြုံး ၁၄/လပတ(နိုင်)၀၀၇၆၈၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ၂၅-၁၀-၂၀၂၃ ရက်တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေ၍ တရားဝင် ဝယ်ယူထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ကြေညာပါပြီး (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဆိုင်းတောင်

အထက်တန်းရှေ့နေ

(စဉ်- ၄၃၁၆၁)

တိုက် -ဘီ (၁၄)၊ အခန်း (၄၀၂)၊ ရွှေကမ္ဘာအိမ်ရာ(၂)လမ်း၊ မင်းဓမ္မလမ်းမ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၉၅၀၉၅၇၁၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၄) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ကျောင်းနေအရွယ် ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးကြရန်လိုအပ်...**

❖ Education for All **ဆိုသည့်အတိုင်း အားလုံးအတွက် ပညာရေးကို မဖြစ်မနေ အကောင်အထည်ဖော်သွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၄၄၄ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ယနေ့ နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များက မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။ **(အောက်ပုံ)**

*စာမျက်နှာ ၁၅ ကော်လံ ၁* ✳





နိုင်ငံခြားခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ ပုဂံဆည်းဆာအလှကို ကြည့်ရှုနေကြစဉ်။

## ပုဂံယဉ်ကျေးမှုနယ်မြေ၏ ဆည်းဆာအလှ ကြည့်ရှုနိုင်သောနေရာများတွင် စူဠာမဏိကန်နှင့် ညောင်လက်ဖက်ကန်ကုန်းတို့၌ ပြည်တွင်းပြည်ပခရီးသွား အများဆုံး ဝင်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၇**

ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း စေတီ၊ ပုထိုးများနှင့် ဧရာဝတီမြစ်၏ ဆည်းဆာအလှကို အပြည့်အဝ ကြည့်ရှုခံစားရန် စူဠာမဏိကန် (ဖိုးသူတော်ကန်) နှင့် ညောင်လက်ဖက်ကန်ကုန်းတို့မှ အများဆုံး ကြည့်ရှုခံစားကြလေ့ရှိကြောင်း သိရသည်။

ဧရိယာ ၁၉ စတုရန်းမိုင်ကျယ်ဝန်းသော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ပုဂံဒေသ၏ သဘာဝအလှနှင့် ဆည်းဆာအလှကို ကြည့်ရှုနိုင်ရန် View Mount များကို ဖန်တီးပေးထားရာ နိုင်ငံခြားသား ခရီးသွားများနှင့် လူငယ်များအနေဖြင့် မင်းနန်သူကန်၊ ကိုမောက်ကန်၊ အရှေ့အိုးထိန်းတောင်၊ အနောက်အိုးထိန်းတောင်၊ ကျောက်မျက်မှော်၊ ဖူးဘုရား၊ ညောင်လက်ဖက်ကန်နှင့် စူဠာမဏိကန်တို့မှ အများဆုံး ကြည့်ရှုကြလေ့ရှိပြီး စေတီ၊ ဘုရားများပေါ်မှ ဆည်းဆာအလှကြည့်ရှုမှုကို တားမြစ်ထားဆဲဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❂

---

## ခံစစ်အားနည်းသည့် မန်ယူနှင့် တိုက်စစ်ထက်မြက်သော မန်စီးတီးတို့ တွေ့ဆုံသည့် ပရီမီယာလိဂ် ပွဲစဉ် (၁၀)

အခုတစ်ပတ် ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ် (၁၀) မှာ မန်ယူနဲ့ မန်စီးတီး ထိပ်တိုက်တွေ့ဆုံတဲ့ ပွဲစဉ်ပါဝင်သလို ရလဒ်ကောင်းရရှိနေတဲ့ အာဆင်နယ်က ယခုနှစ်ရာသီမှာ လိဂ်နိုင်ပွဲမရရှိသေးတဲ့ ရှက်ဖီးလ်၊ နောက်ဆုံး သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့ ဝက်စ်ဟမ်းက ခြေစွမ်းကျဆင်းနေတဲ့ အဲဗာတန်စတဲ့အသင်းတွေ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

၂၀၂၃-၂၀၂၄ ရာသီ ပရီမီယာလိဂ်ပြိုင်ပွဲတွေကို စတင်လာတာ အခုဆိုရင် ပွဲစဉ် (၁၀) အထိ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ပွဲစဉ် (၉) အပြီးမှာတော့

*စာမျက်နှာ ၁၂ ကော်လံ ၁* ✳

---

**ယနေ့ သ တင်း အ ညွှန်း**

**အမေရိကန်တပ်ဖွဲ့ကို တိုက်ခိုက်နေမှုများရပ်တန့်ရန် အီရန်ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား**

နိုင်ငံတကာသတင်း စာ ၁၃

**Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီး အရေးယူ**

ပြည်တွင်းသတင်း စာ ၁၄